မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်၊ ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာ ၁၇ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၈)၊ အမှတ်(၄၈)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရေဝတီတိုင်း သာပေါင်းမြို့နယ်၌ တန်(၅၀) အဆင့်မြင့် စက္ကူစက်ရုံ(သာပေါင်း) ဖွင့်

မြန်နှုန်းမြင့်စက္ကူ၊ မိတ္တူကူးစက္ကူနှင့် ကွန်ပျူတာသုံး ပုံနှိပ်စက္ကူများ နှစ်ဖက်ချော အဆင့်မြင့်စက္ကူပါးနှင့် ကြွေရောင်စက္ကူများ ထုတ်လုပ်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက် ၇နာရီ၄၅ မိနစ်တွင် ဧရာဝတီတိုင်း သာပေါင်းမြို့နယ်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း စက္ကူနှင့်ပျော့ဖတ်စက်ရုံ(သာပေါင်း)၌ ကျင်းပသည့် တန်(၅၀)အဆင့်မြင့် စက္ကူစက်ရုံ(သာပေါင်း) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါ စက်ရုံဖွင့်ပွဲ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr.Guan Mu၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စက်ရုံဝန်ထမ်းများ၊ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားကျင်းပမည့် စက်ရုံမုခ်ဦးရှေ့၌ နေရာယူကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးညွန့်အောင်၊ China Metallurgical (Group) Corporation မှ Vice President Mr. Xu Xiangchun နှင့် စက္ကူနှင့်ပျော့ဖတ်စက်ရုံ(သာပေါင်း) စက်ရုံစုမှူး ဦးရည်မွန်တို့က တန်(၅၀)အဆင့်မြင့် စက္ကူစက်ရုံ(သာပေါင်း) မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တန်(၅၀) အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)အတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တန်(၂၀၀) စက္ကူနှင့်ပျော့ဖတ်စက်ရုံ(သာပေါင်း)နှင့် တန်(၅၀)အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)တို့ကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် နိုဝင်ဘာ ၁၇ ရက်)

ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများအကြား ပိုမိုပူးပေါင်းဆောင်ရွက် ဒေသတွင်းပြည်သူများ၏ စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်း

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပသည့် ဒုတိယအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက် မိန့်ခွန်းပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ''ဘင်းမ်စတက်အဖွဲ့ကြီး တည်ထောင်ခဲ့သည့် (၁၁)နှစ်တာ ကာလများအတွင်း မိမိတို့၏ ပူးပေါင်းဆောင်ရွက်မှုများသည် ကဏ္ဍ(၆)ရပ်ရှိရာ ကဏ္ဍ(၁၃)ရပ်သို့ တိုးချဲ့ရောက်ရှိသွားခဲ့ပြီဖြစ်ကြောင်း၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်လိုမှုများ စိတ်အားထက်သန်မှုရှိခြင်းကို ယင်းအချက်က ဖော်ညွှန်းပြခြင်းပင်ဖြစ်ကြောင်း'' ထည့်သွင်း ပြောကြားခဲ့သည်။

ခရီးသွားလုပ်ငန်းနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍတို့သည် ဦးစားပေးမြှင့်တင်ရမည့်ကဏ္ဍဖြစ်ပြီး ယင်းကဏ္ဍများ တိုးတက်လာသည်နှင့်အမျှ ဘင်းမ်စတက် ပြည်သူအချင်းချင်း နားလည်မှု၊ ချစ်ကြည်ရင်းနှီးမှုများ တိုးမြှင့်လာမည်ဖြစ်ပြီး နီးကပ်စွာ ကူးလူးဆက်ဆံမှု များပြားလာစေမည် ဖြစ်သည်။

စွမ်းအင်ဈေးနှုန်းပြောင်းလဲမှုနှင့် ကမ္ဘာ့စားနပ်ရိက္ခာ ဈေးနှုန်းမြင့်တက်လာမှုတို့သည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်ခြိမ်းခြောက်လျက်ရှိသည်။ သဘာဝပတ်ဝန်းကျင် ပြောင်းလဲမှုသည်လည်း စွမ်းအင်၊ စားနပ်ရိက္ခာလုံခြုံမှုများနှင့် တိုက်ရိုက်ဆက်စပ်နေသဖြင့် ယင်းပြဿနာကို တစ်နိုင်ငံတည်း ဖြေရှင်း၍မရသည့် အခြေအနေဖြစ်လာပြီး ဒေသတွင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖြေရှင်းကြရမည် ဖြစ်ပေသည်။

မြန်မာနိုင်ငံအနေဖြင့် စွမ်းအင်ကဏ္ဍတွင် ဘာသာရပ်ဆိုင်ရာ ဦးဆောင်နိုင်ငံအဖြစ် ဆောင်ရွက်နေရခြင်းကို ဂုဏ်ယူဝမ်းမြောက်ကြောင်း မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကဏ္ဍနှင့်ပတ်သက်၍ ဘင်းမ်စတက်အဖွဲ့အတွင်း ဘာသာရပ်ဆိုင်ရာကို ဦးဆောင်သည့်နိုင်ငံဖြစ်ပြီး ထိုဦးဆောင်မှု ညှိနှိုင်းတာဝန်ယူသည့် နိုင်ငံဖြစ်သည်နှင့်အညီ တိုးတက်မှုများ ရရှိလာစေရေးတို့ကို ပိုမိုကြိုးပမ်း အားထုတ်ရမည်ဖြစ်သည်။

သို့ဖြစ်၍ ယခုကျင်းပပြီးစီးသည့် အစည်းအဝေးသည် ဘင်းမ်စတက်၏ လုပ်ငန်းဘောင်အတွင်း လေးနက်သည့်ပူးပေါင်းဆောင်ရွက်မှုကို အထောက်အပံ့ပြုနိုင်မည်ဖြစ်ပြီး ဘင်းမ်စတက်ဒေသတွင်း ပြည်သူများ၏ စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်မှု၊ ဒေသဖွံ့ဖြိုးတိုးတက်မှုများ အနာဂတ်တွင် ပိုမိုဖြစ်ထွန်း အောင်မြင်စေရေးအတွက် မြန်မာနိုင်ငံအနေဖြင့် ဆက်လက်ကြိုးပမ်းအားထုတ် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✻ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရွှေကူမြို့နယ် ကျောက်ကြီးကျေးရွာ မူလတန်းလွန် နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်

ရွှေကူ နိုဝင်ဘာ ၁၆

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် ကျောက်ကြီးကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၈ရက် နံနက်၁၀နာရီခွဲက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူး ဒေါ်လုမိုင်နှင့် ပညာရေးဝန်ထမ်း(ကျောင်းဆရာ၊ ဆရာမများ)၊ အမျိုးသမီးရေးရာအသင်း ဥက္ကဋ္ဌ ဒေါ်စီစီနိုင်နှင့်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

လွှဲပြောင်းပေးအပ်

အဆိုပါ နှစ်ထပ်ကျောင်းဆောင်သစ် (SF-12) ကို ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းစိုးက မြို့နယ်ပညာရေးမှူး ဒေါ်လုမိုင်ထံ လွှဲပြောင်းပေးအပ်သည်။

ကုန်ကျငွေ

အဆိုပါအဆောက်အအုံမှာ နိုင်ငံတော်မှ အဆောက်အအုံ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၅၀၊ ကျေးရွာရှိ မိဘပြည်သူများက ငွေအား၊ လူအား ပါဝင်ငွေ ကျပ်၂၁၃သိန်း စုစုပေါင်း ကုန်ကျငွေ ကျပ်၂၆၃သိန်းရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြဝတီရုပ်မြင်သံကြား

၁၇-၁၁-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄:၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၅ ၆။ မျိုးချစ်တပ်မတော်
၄:၅၀ ၇။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၀၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
၅:၁၅ ၉။ ရှင်သန်ခြင်း (ပညာပေးဇာတ်လမ်းတို)
၅:၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၄။ သွက်လက်လှုပ်ရှား ကစားစို့လား
၆:၄၅ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မင်းသမီးရဲ့နေ့စဉ်မှတ်တမ်း** (အပိုင်း-၁၁)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ (အပိုင်း-၁၈)
၂၁။ မေးမြန်းစူးစမ်း
၂၂။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရွှေမင်းသမီးရဲ့ဖူးစာ** (အပိုင်း-၂၅)

စပါးရိတ်သိမ်း ခြွေလှေ့နေမှု

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး နိုဝင်ဘာ ၈ရက်က ရွှေဘိုခရိုင် တန့်ဆည်မြို့နယ် ခပေါင်းကြိုင်ကျေးရွာအုပ်စု မိုးစပါးအထူးဇုန် ဧရိယာ ဧက ၅၀၀ စံပြကွက်ရှိ ကွင်းအမှတ်(၁၁၂၆/၁) တောင်သူဒေါ်ညိုစန်း၏ မနောသုခစပါးမျိုး မိုးစပါး၂ဒသမ၀၃ဧက စိုက်ခင်းသို့ရောက်ရှိပြီး စပါးခြွေလှေ့စက်ဖြင့် စပါးရိတ်သိမ်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

မီးဘေးကြိုတင်ကာကွယ်ရေး မော်လမြိုင်၌ လုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၁၆

မော်လမြိုင်မြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရေးအစီအစဉ်အရ နိုဝင်ဘာ ၃ရက်က မော်လမြိုင်မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးကျော်ကျော် ကြီးကြပ်မှုဖြင့် ဒုတိယမီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် မော်လမြိုင်မြို့နယ် သီရိမင်္ဂလာရပ်ကွက်ရှိ နေအိမ်များ၊ ပုဂ္ဂလိကလုပ်ငန်းများ၌ လျှပ်စစ်မီးသုံးစွဲမှုနှင့် မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများ၊ မီးသတ်ဆေးဘူးများထားရှိစေရေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် တစ်အိမ်တက်ဆင်းကွင်းဆင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

သုနာပြုနှင့် သားဖွားအသင်း သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၆

မြန်မာနိုင်ငံ သုနာပြုနှင့်သားဖွားအသင်းကကြီးမှူး၍ အသက်၇၀နှင့်အထက် သုနာပြု သားဖွား၊ ကျန်းမာရေး ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့မည့် (၂၇)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို နိုဝင်ဘာ ၂၂ရက်(စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ရန်ကုန်သူနာပြုတက္ကသိုလ် (တိုးချဲ့ဆောင်)ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

ပူဇော်မည့်သူများနှင့် ပူဇော်ခံယူမည့် ပုဂ္ဂိုလ်များထံ ဖိတ်ကြားစာများ ပေးပို့မည်ဖြစ်ပြီး ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပူဇော်လှူဒါန်း အပူဇော်ခံယူကြပါရန်နှင့် အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းလိုသူများသည် အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ နန်းထွမ်းလှ ဖုန်း-၀၉-၅၀-၃၇၄၄၃၊ ဗဟိုအသင်းရုံး ကြီးကြပ်ရေးမှူး ဒေါ်ခင်သောင်းရီ ဖုန်း-၃၈၈၆၃၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

(၈၈)နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

★ ဝံသာနုရက္ခိတစိတ်ဓာတ်ရှင်သန်ခိုင်မာရေးနှင့် အမျိုးဂုဏ်ဇာတိဂုဏ် မြင့်မားရေး၊
★ အမျိုးသားပညာရည်မြင့်မားရေး၊
★ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊
★ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး၊

(၈၈) နှစ်မြောက် အမျိုးသားနေ့

၁၉၂၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက်

(၂၂-၁၁-၂၀၀၈)

အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ တက်ရောက်ခဲ့

နေပြည်တော် နိုဝင်ဘာ ၁၆

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် နိုဝင်ဘာ ၆ရက်မှ ၇ရက်အထိ ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့၌ ကျင်းပခဲ့သော (၁၄)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး၊ (၇)ကြိမ်မြောက် အာဆီယံ-တရုတ် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးနှင့် (၆)ကြိမ်မြောက် အာဆီယံ-ဂျပန် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

တက်ရောက်

အဆိုပါအစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင် ၁၀နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ ပို့ဆောင်ရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ပို့ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေနှင့် တာဝန်ရှိသူများသည် နိုဝင်ဘာ ၃ရက်မှ ၄ရက်အထိ ကျင်းပခဲ့သည့် (၂၆)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊ နိုဝင်ဘာ ၅ရက်တွင် ကျင်းပခဲ့သည့် (၇)ကြိမ်မြောက် အာဆီယံ-တရုတ် ပို့ဆောင်ရေးအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် (၇)ကြိမ်မြောက် အာဆီယံ-ဂျပန်ပို့ဆောင်ရေးအဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

ဖွင့်လှစ်

(၁၄)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးများကို မနီလာမြို့ Makati Shangril Hotel ၌ ကျင်းပပြီး နိုဝင်ဘာ ၆ရက် နံနက်တွင် အစည်းအဝေးဖွင့်ပွဲအခမ်းအနား ကျင်းပရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတရုံးမှ H.E. Executive Secretary Eduardo R. Ermita က အမှာစကား ပြောကြား၍ အစည်းအဝေးကို ဖွင့်လှစ်ပေးသည်။

နိုဝင်ဘာ ၆ရက် မွန်းလွဲပိုင်းတွင် Malacanang Palace ၌ အာဆီယံပို့ဆောင်ရေးဝန်ကြီးများသည် ဖိလစ်ပိုင်နိုင်ငံ သမ္မတ H.E. President Gloria Macapagal Arroyo ၏ရှေ့မှောက်၌ အာဆီယံဒေသ၏ကုန်သွယ်မှုနှင့် ခရီးသွားလာရေးကဏ္ဍတို့ကို ဖွံ့ဖြိုးတိုးတက်စေပြီး၊ ၂၀၁၅ ခုနှစ်တွင် အာဆီယံစီးပွားရေး အသိုက်အဝန်း တည်ထောင်ရေးကို အထောက်အကူပြုမည့် အာဆီယံဒေသအတွင်း လေကြောင်းကုန်စည်နှင့်ပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာကန့်သတ်ချက်များ ဖြေလျှော့ထားသည့် ASEAN Multilateral Agreement on the Full Liberalization of Air Freight Services နှင့် ASEAN Multilateral Agreement on Air Services စာချုပ်နှစ်ခုကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အတည်ပြု

(၁၄)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးများတွင် ၂၀၀၈ခုနှစ် မေ ၂၇ရက်မှ၂၉ရက်အထိ ဖိလစ်ပိုင်သမ္မတနိုင်ငံ ဆီဘူးမြို့၌ ကျင်းပခဲ့သည့် (၂၅)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ယခုအစည်းအဝေး၏ ရှေ့ပြေးအဖြစ် ကျင်းပခဲ့သည့် (၂၆)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး အသီးသီး၏ အစီရင်ခံစာများပါ အာဆီယံပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများအပေါ် ဆွေးနွေးကြပြီး အစီရင်ခံစာများကို အတည်ပြုခဲ့ကြသည်။ အစည်းအဝေးက အာဆီယံနှင့် ဥရောပသမဂ္ဂတို့အကြား လေကြောင်းပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကို အကောင်အထည်ဖော်မည့် ASEAN Air Transport Integration Project မူကြမ်းကိုလည်းကောင်း၊ အာဆီယံနှင့်အိန္ဒိယနိုင်ငံတို့အကြား လေကြောင်းပို့ဆောင်ရေးကဏ္ဍ ပူးပေါင်း ဆောင်ရွက်ရေးကို အကောင်အထည်ဖော်မည့် ASEAN-India Aviation Cooperation Framework မူကြမ်းကိုလည်းကောင်း အသီးသီးအတည်ပြုခဲ့ကြသည်။

(၇)ကြိမ်မြောက် အာဆီယံ-တရုတ် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးတွင် အာဆီယံနှင့်တရုတ်နိုင်ငံတို့၏ ပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ Strategic Plan for ASEAN-China Transport Cooperation မူကြမ်းကိုလည်းကောင်း၊ ဆိပ်ကမ်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ Terms of Reference for the ASEAN-China Senior Officials Meeting on Port Cooperation Mechanism မူကြမ်းကိုလည်းကောင်း မူအားဖြင့် အတည်ပြုခဲ့ကြသည်။

စီမံကိန်းများ

(၆)ကြိမ်မြောက် အာဆီယံ-ဂျပန် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးများတွင် လေဆိပ်များ၏ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ASEAN-Japan Eco-Airport Guideline မူကြမ်းကို လည်းကောင်း၊ သင်္ဘောသားများ လေ့ကျင့်ရေးဆိုင်ရာ ASEAN-Japan Seafarers Training Cooperative Program မူကြမ်းကိုလည်းကောင်း၊ အာဆီယံ-ဂျပန် ပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ၏ ၂၀၀၈-၂၀၀၉လုပ်ငန်းစဉ်များကိုလည်းကောင်း အသီးသီးအတည်ပြုခဲ့ကြသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် အဖွဲ့ဝင်များနှင့်အတူ နိုဝင်ဘာ ၁၄ရက်က ဖိလစ်ပိုင်သမ္မတနိုင်ငံမှ လေကြောင်းခရီးစဉ်ဖြင့် ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

မြိတ် နိုဝင်ဘာ ၁၆

မြိတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကဦးစီး၍ တနင်္သာရီမြို့နယ်၌ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းကို နိုဝင်ဘာ ၁၁ရက် နံနက် ၉နာရီက မြို့နယ်ရုံးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်သိန်းက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဒေါ်နီနီချိုက သင်တန်းဖွင့်လှစ်ရခြင်းကို ရှင်းလင်း ပြောကြားသည်။ **(အောက်ပုံ)**

ဆက်လက်၍ ခရိုင်ဦးစီးအရာရှိနှင့် မြို့နယ်ဦးစီးမှူး ဒေါ်အေးတင်တို့က စာကြည့်တိုက်ပညာကို ပို့ချဆွေးနွေးပြီး အဆိုပါသင်တန်းကို တနင်္သာရီမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ စာရေးများ၊ စာကြည့်တိုက်မှူးများ တက်ရောက်ကြကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

အထက (သုဝဏ္ဏ) အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၁၆

ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် အထက (သုဝဏ္ဏ) ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီကကြီးမှူး၍ သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၁ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက(သုဝဏ္ဏ)ကျောင်း၌ ကျင်းပမည်ဖြစ်ရာ အသက်(၆၀)ပြည့်ပြီးသော ဆရာဆရာမကြီးများနှင့် (၁၉၆၅-၂၀၀၈) စာသင်နှစ်အားလုံးမှ ကျောင်းသားဟောင်းများ ကျင်းပရေးကော်မတီနှင့် ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

ပထမအကြိမ် အလှူငွေပေးအပ်ပွဲကို ဒီဇင်ဘာ၇ရက် (တနင်္ဂနွေနေ့)နှင့် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲကို ၄-၁-၂၀၀၉ (လွတ်လပ်ရေးနေ့)တွင် ကျင်းပမည်ဖြစ်ရာ ဦးအောင်ကျော်မြ (ကျောင်းအုပ်ကြီး) ဖုန်း-၅၆၃၆၆၇၊ ဦးမြင့်စိုး ဥက္ကဋ္ဌ ဖုန်း-၀၉-၅၁-၂၄၀၀၆၊ ဒေါ်ရီရီမြင့် နာယက ဖုန်း-၀၉-၅၁-၄၄၇၂၁၊ ဦးဥက္ကာအေး ဖုန်း-၀၉-၅၁-၄၄၀၂၃၊ ဒေါ်သင်းသင်းနိုင် ဖုန်း-၀၉-၅၁-၅၆၀၃၈၊ ဒေါ်ရွှေဇင်ဦး ဖုန်း-၅၁၁၉၇၄ နှင့် နယ်မြို့မှ လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ် သင်္ဃန်းကျွန်းသို့ ဦးစိုးပိုင် (ဒုတိယဥက္ကဋ္ဌ-၁) ၁၂/သဃက(နိုင်) ၀၃၄၇၂၉၊ ဖုန်း-၀၉-၅၁-၅၂၆၆၀၊ ၅၇၀၄၄၀၊ ၅၆၁၂၁၀၊ ဦးအောင်မြတ် (ဘဏ္ဍာရေးမှူး) ၁၂/လကန(နိုင်) ၀၂၀၈၆၇၊ ဖုန်း-၅၆၃၈၂၅ တို့သို့ ငွေလွှဲစနစ်ဖြင့်လည်း ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

သတ္တမအကြိမ်မြောက် အာဆီယံကျွမ်းကျင်မှုပြိုင်ပွဲ မြန်မာနိုင်ငံကိုယ်စားပြုအဖွဲ့ ယှဉ်ပြိုင်ရန် ထွက်ခွာ

ရန်ကုန် နိုဝင်ဘာ ၁၆

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ နိုဝင်ဘာ ၁၁ရက်မှ ၁၈ရက်အထိ ကျင်းပမည့် သတ္တမအကြိမ်မြောက် အာဆီယံ ကျွမ်းကျင်မှုပြိုင်ပွဲ (ASEAN Skill Competition)သို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၀ ရက် နံနက် ၁၁ နာရီတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

အဆိုပါပြိုင်ပွဲတွင် ဂဟေဆက်အတတ်ပညာ၊ ပရိဘောဂအတတ်ပညာနှင့် လျှပ်စစ်တပ်ဆင်မှု အတတ်ပညာဆိုင်ရာ ပြိုင်ပွဲများ၌ မြန်မာနိုင်ငံကိုယ်စားပြု ပြိုင်ပွဲဝင် ခြောက်ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အလုပ်သမားဝန်ကြီးဌာနမှ ကြီးကြပ်အုပ်ချုပ်သူ တစ်ဦး အပါအဝင် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် ကြီးကြပ်အုပ်ချုပ်သူများ၊ ကျွမ်းကျင်သူများ၊ နည်းပြများနှင့် ပြိုင်ပွဲဝင်များ စုစုပေါင်းအဖွဲ့ဝင် ၁၄ ဦး လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်

ရန်ကုန် နိုဝင်ဘာ ၁၆

နိုဝင်ဘာ ၁၆ရက်က မြန်မာနိုင်ငံ၏ ရာသီဥတုအခြေအနေကိုဖော်ပြရလျှင် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများ၌ အများအားဖြင့် သာယာနေသည်။

ညအပူချိန်များမှာ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နိုဝင်ဘာလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်မှာ ဟားခါးတွင် ၄ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။

မိုးထစ်ချုန်းရွာနိုင်

နိုဝင်ဘာ၁၇ရက် **(ယနေ့)**ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုကိုခန့်မှန်းရပါက တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နိုဝင်ဘာ ၁၇ရက် **(ယနေ့)** နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာနေသည်။

ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ထုတ်ပြန်ချက်

ကျီခါးမြို့ ရေပေးရေး လုပ်ငန်းဆောင်ရွက်

ကျီခါး နိုဝင်ဘာ ၁၆

ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးမျိုးအောင်သည် အောက်တိုဘာ ၂၁ရက်က ကျီခါးမြို့သို့ သွားရောက်ရာ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် နိုင်ငံတော် ထောက်ပံ့ငွေဖြင့်ဆောင်ရွက်လျက်ရှိသော ရေပေးရေးလုပ်ငန်းကို ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

အမေရိကန်အင်ဒီးဗားအာကာသလွန်းပြန်ယာဉ် နိုင်ငံတကာအာကာသစခန်းယာဉ်နှင့်ချိတ်ဆက်

ဝါရှင်တန် နိုဝင်ဘာ ၁၆

နိုင်ငံတကာအာကာသစခန်းယာဉ်(အိုင်အက်စ်အက်စ်)သို့ အသက်(၄၄)နှစ်ရှိ ပျံသန်းရေးအင်ဂျင်နီယာစန္ဒြာမဂ္ဂနက်ဦးဆောင်သော အာကာသယာဉ်မှူးခုနစ်ဦးလိုက်ပါသည့် အင်ဒီးဗားအာကာသလွန်းပြန်ယာဉ်ကို နိုဝင်ဘာ ၁၄ ရက် ဒေသစံတော်ချိန်ညဂနာရီ၅၅မိနစ်တွင် အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသယာဉ် လွှတ်တင်ရေးစခန်း ကိတ်ကာနေဗာရယ်မှ လွှတ်တင်ရာ၌ ရာသီဥတုသာယာပြီး အထစ်အငေါ့မရှိကြောင်း သိရသည်။

စီစဉ်ထား

လွန်းပြန်ယာဉ်သည် အာကာသအတွင်း နှစ်ရက်ကြာ လှည့်ပတ်ပျံသန်းကာ နိုင်ငံတကာအာကာသစခန်းသို့ နိုဝင်ဘာ ၁၆ ရက်တွင် ရောက်ရှိခဲ့ပြီး နိုင်ငံတကာအာကာသစခန်းယာဉ်နှင့်ချိတ်ဆက်ရန် စီစဉ်ထားသည်။

အာကာသယာဉ်မှူးများသည် နိုဝင်ဘာ ၁၅ ရက်က အာကာသစခန်းယာဉ်နှင့်ချိတ်ဆက်နိုင်ရေးအတွက် လွန်းပြန်ယာဉ်၏စက်ရုပ်လက်တံကို အသုံးပြုလျက် လွန်းပြန်ယာဉ်၏ အောက်ပိုင်း၊ ဦးခေါင်းပိုင်း၊ တောင်ပံထိပ်စွန်းများနှင့် လက်လှမ်းမီရန် ခက်ခဲသည့်နေရာများအထိ စမ်းသပ်စစ်ဆေးမှုများပြုလုပ်ခဲ့သည်။

အင်ဒီးဗားအာကာသလွန်းပြန်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းယာဉ်အား မချိတ်ဆက်မီ ယင်းစခန်းမှ အာကာသယာဉ်မှူးများအနေဖြင့် ၄င်း၏ အပူကာပြားအခြေအနေကို အသေးစိတ်ခွဲခြမ်းစိတ်ဖြာလေ့လာနိုင်ရန် ဓာတ်ပုံရိုက်ယူရေးအတွက် နောက်ဆုတ်ကာ ကျွမ်းထိုးပျံသန်းမှုပြုလုပ်ပေးမည် ဖြစ်ကြောင်း သိရသည်။

ချဲ့ထွင်ရေး

လွန်ခဲ့သော ၁၉၉၈ခုနှစ် နိုဝင်ဘာ ၂၀ က အင်ဒီးဗားအာကာသလွန်းပြန်ယာဉ်ကို နိုင်ငံတကာအာကာသစခန်းယာဉ် (အိုင်အက်စ်အက်စ်) တည်ဆောက်ရန် စေလွှတ်ခဲ့ပြီး ယခုအခါ ယင်းအင်ဒီးဗားအာကာသလွန်းပြန်ယာဉ်၏တာဝန်မှာ အိုင်အက်စ်အက်စ်၏ နေစွမ်းအင်ထုတ်လုပ်ရေးလုပ်ငန်းကို တည်ဆောက်ပြုပြင်ရန်နှင့် နေရာထိုင်ခင်းချဲ့ထွင်ရေးတို့ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ **(အင်တာနက်)**

အမေရိကန် အင်ဒီးဗားအာကာသလွန်းပြန်ယာဉ်ကို ဖလော်ရီဒါပြည်နယ် ကနေဒီ အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ နိုဝင်ဘာ ၁၄ရက် ညပိုင်းက လွှတ်တင်လိုက်စဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ကာရာဒါအရပ်၌ နိုဝင်ဘာ ၁၅ရက်က ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် မီးလောင်နေသည်ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နိုင်ငံခြား သတင်းစာဆရာနှစ်ဦး ပါကစ္စတန်၌ သေနတ်ပစ်ခံရ

ပက်ရှဝါ နိုဝင်ဘာ ၁၆

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ပက်ရှဝါမြို့၌ သေနတ်သမားများက နိုင်ငံခြားသတင်းစာဆရာနှစ်ဦးကို သေနတ်ဖြင့်ပစ်သဖြင့် ဒဏ်ရာများရရှိသွားကြောင်း ရဲတပ်ဖွဲ့က ကြေညာသည်။

သတင်းစာ ဆရာနှစ်ဦးအနက် တစ်ဦးမှာ အမေရိကန် နယူးစ်ဝိခ်ဂျာနယ် သတင်းထောက် အာဖဂန်နိုင်ငံသား ဆာမိယူဆွတ်ဖိုင်ဖြစ်ပြီး နောက်တစ်ဦးမှာ အဆာဟိရှင်ဘွန်းသတင်းစာမှ ဂျပန်သတင်းထောက် ဖြစ်သည်ဟု သိရသည်။

ဟိုက်ဒရာဘတ်မြို့ ဆင်ခြေဖုံးတွင် မော်တော်ကားတစ်စီးပေါ်မှ သေနတ်သမားများက အဆိုပါ သတင်းစာဆရာ နှစ်ဦးကို သေနတ်ဖြင့်ပစ်ခြင်းဖြစ်သော်လည်း မည်သူမည်ဝါဟူ၍ သေချာစွာမသိရသေးဟု ပြောကြားသည်။

အာဖဂန်သတင်းစာဆရာမှာ ဒေသတွင်း နယူးစ်ဝိခ်မဂ္ဂဇင်းမှ ဆာမိယူဆွတ်ဖိုင်ဖြစ်ပြီး ဂျပန်သတင်းထောက် တစ်ဦးမှာမူ အဆာဟိရှင်ဘွန်းသတင်းစာမှ ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

မစ္စတာယူဆွတ်ဖိုင်မှာ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။ သို့သော်လည်း ၄င်းသည် အသက်ရှင်ရန် မျှော်လင့်ချက်ရှိကြောင်း၊ ဂျပန် သတင်းထောက်မှာမူ အနည်းငယ်မျှသာ ဒဏ်ရာရခဲ့ခြင်း ဖြစ်ကြောင်း ဖော်ပြသည်။ **(အင်တာနက်)**

ဂါဇာမှ ဒုံးကျည်ဖြင့် ပစ်ခတ်မှုရပ်ဆိုင်းရန် ဂါဇာသို့ ရိက္ခာပေးပို့ခွင့်ပြုရန်

ကုလသမဂ္ဂ တိုက်တွန်း

ဂျီနီဗာ နိုဝင်ဘာ ၁၆

အစ္စရေးနိုင်ငံအား ဂါဇာကမ်းမြောင်မှနေ၍ ပါလက်စတိုင်းစစ်သွေးကြွများ ဒုံးကျည်များဖြင့်ပစ်ခတ်မှု အဆုံးသတ်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက နိုဝင်ဘာ ၁၄ ရက်က ပြောကြားလိုက်ပြီး တစ်ချိန်တည်းမှာပင် ဂါဇာကမ်းမြောင်သို့ ရိက္ခာနှင့် လူမှုရေးအကူအညီများ ပုံမှန်ပေးပို့ခွင့်ပြုရန် အစ္စရေးနိုင်ငံအား တိုက်တွန်းလိုက်သည်။

စိုးရိမ်

ဂါဇာကမ်းမြောင်နှင့် အစ္စရေးနိုင်ငံ တောင်ပိုင်းတို့၌ ပိုမိုဆိုးရွားလာသော အခြေအနေများနှင့် စပ်လျဉ်း၍ များစွာစိုးရိမ်ရကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကိုကင်းအမြောက်အမြား အာဂျင်တီးနားတွင် သိမ်းဆည်းရမိ

ဗျူနိုစ်အေရီ နိုဝင်ဘာ ၁၆

ကိုလံဘီယာနှင့် မက္ကဆီကို မူးယစ်မှောင်ခိုကုန်ကူးသူများက စပိန်သို့တင်ပို့ရန် ရည်ရွယ်သယ်ဆောင်လာသည့် သန့်စင်ပြီး ကိုကင်း ကီလိုဂရမ် ၇၅၀ကို အာဂျင်တီးနားရဲတပ်ဖွဲ့က သိမ်းဆည်းရမိခဲ့ကြောင်း ဒေသတွင်းသတင်းစာဖြစ်သည့် ခရစ်တီကာဒီလာအာဂျင်တီးနားက နိုဝင်ဘာ ၁၄ ရက်က သတင်းထုတ်ပြန်သည်။

သိမ်းဆည်းရမိ

အထုပ်ငယ် ၇၀၀ဖြင့် သိမ်းဆည်းရမိသည့် ကိုကင်းများသည် ယခုနှစ်တွင် ယနေ့အထိ သိမ်းဆည်းရမိသည့် ပမာဏအများဆုံးသော ကိုကင်းများအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း ရဲတပ်ဖွဲ့၏ ပြောကြားချက်ကို ကိုးကား၍ သတင်း၌ ဖော်ပြသည်။

ထွက်ပြေးလွတ်မြောက်

အာဂျင်တီးနားနိုင်ငံ ဗျူနိုစ်အေရီ အနောက်မြောက်ပိုင်း ဆန်မီဂူယယ်လ်မြို့၌ နိုဝင်ဘာ ၁၃ရက်က ရိန်းဘိုးအမည်ရှိ မူးယစ်ဆေးဝါးစစ်ဆင်ရေးတစ်ရပ် ပြုလုပ်စဉ် မက္ကဆီကိုနိုင်ငံသားနှစ်ဦးနှင့် ဘိုလီးဗီးယားနိုင်ငံသား သုံးဦးတို့ကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး ကိုလံဘီယာနိုင်ငံသားသုံးဦးမှာမူ ထွက်ပြေးလွတ်မြောက်သွားခဲ့ကြောင်း ယင်းသတင်းတွင် ဖော်ပြသည်။

ယင်းကိုကင်းများသည် မက္ကဆီကိုနိုင်ငံရှိ အကြီးဆုံးသော မှောင်ခိုဂိုဏ်းတစ်ဂိုဏ်းဖြစ်သည့် ဆီနာလိုအာဂိုဏ်းက ပိုင်ဆိုင်သည်ဟု ယူဆရကြောင်းလည်း သတင်း၌ ဖော်ပြထားသည်။ **(အင်တာနက်)**

အီရတ်တွင် သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၄၂၀၀ရှိပြီ

ဘဂ္ဂဒက် နိုဝင်ဘာ ၁၆

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ စတင်ကျူးကျော်ခဲ့သည့် ၂၀၀၃ခုနှစ် မတ်လမှ ၂၀၀၈ခုနှစ် နိုဝင်ဘာ ၁၅ရက်အထိ ယင်းနိုင်ငံ၌ သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၄၂၀၀ရှိသွားပြီဖြစ်ကြောင်း အေပီသတင်းဌာန၏ စာရင်းဇယားတွင် ဖော်ပြသည်။

အပြန်အလှန်ပစ်ခတ်

အဆိုပါစာရင်းတွင် ပါဝင်သော အရပ်ဘက် တပ်ဖွဲ့ဝင်ရှစ်ဦးမှာ တိုက်ပွဲဖြစ်ပွားရာတွင် သေဆုံးခဲ့ကြောင်း၊ အမေရိကန်တပ်ဖွဲ့ဝင် ၃၃၉၀မှာ တိုက်ပွဲဖြစ်ပွားစဉ်တွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ အခြားအမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးမှာ မိုဆူးလ်မြို့၌ အီရတ်တပ်ဖွဲ့ဝင်နှင့် အပြန်အလှန်ပစ်ခတ်ရာတွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း စာရင်းဇယားများတွင် ဖော်ပြသည်။

ယခုနှစ် နိုဝင်ဘာ ၁၄ရက်က အေပီသတင်းဌာနမှ နောက်ဆုံးဖော်ပြသော အီရတ်တွင် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက ဖော်ပြသောဦးရေထက် လေးဦးပိုကြောင်းလည်း သတင်း၌ ဖော်ပြသည်။

သေဆုံး

အီရတ်နိုင်ငံတွင် ဗြိတိသျှတပ်ဖွဲ့ဝင် ၁၇၆ဦး၊ အီတလီတပ်ဖွဲ့ဝင်၃၃ဦး၊ ယူကရိန်းတပ်ဖွဲ့ဝင် ၁၈ဦး၊ ပိုလန်တပ်ဖွဲ့ဝင် ၂၁ဦး၊ ဘူလ်ဂေးရီးယားတပ်ဖွဲ့ဝင် ၁၃ဦး၊ စပိန်တပ်ဖွဲ့ဝင် ၁၁ဦး၊ ဒိန်းမတ်တပ်ဖွဲ့ဝင်ခုနစ်ဦး၊ အယ်လ်ဆာဗေဒိုတပ်ဖွဲ့ဝင်ငါးဦး၊ ဆလိုဗေးနီးယားတပ်ဖွဲ့ဝင်လေးဦး၊ လတ်ဗီးယားတပ်ဖွဲ့ဝင်သုံးဦး၊ ဂျော်ဂျီယာတပ်ဖွဲ့ဝင်သုံးဦး၊ အက်စတိုးနီးယားတပ်ဖွဲ့ဝင်နှစ်ဦး၊ နယ်သာလန်တပ်ဖွဲ့ဝင်နှစ်ဦး၊ ထိုင်းတပ်ဖွဲ့ဝင်နှစ်ဦး၊ ရိုမေးနီးယားတပ်ဖွဲ့ဝင်နှစ်ဦး၊ ဩစတြေးလျ တပ်ဖွဲ့ဝင်တစ်ဦး၊ ဟန်ဂေရီတပ်ဖွဲ့ဝင်တစ်ဦး၊ ကာဇက်စတန်တပ်ဖွဲ့ဝင်တစ်ဦးနှင့် တောင်ကိုရီးယားတပ်ဖွဲ့ဝင်တစ်ဦးတို့ သေဆုံးခဲ့ကြသည်။ (အင်တာနက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ နိုဝင်ဘာ ၁၆ရက်က ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် မီးလောင် ပျက်စီးသွားသည့် အပျက်အစီးများကို တွေ့ရစဉ်။

(အဆိုပါ ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် သုံးဦးသေဆုံးပြီး ၂၃ဦး ဒဏ်ရာရရှိခဲ့သည်။)

(အင်တာနက်ဓာတ်ပုံ)



အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်၌ နိုဝင်ဘာ ၁၅ရက်က ကားဗုံးခွဲတိုက်ခိုက်ခံရပြီးနောက် မီးလောင်ပျက်စီးသွားသည့်ကားတစ်စီးကို တွေ့ရစဉ်။

(အဆိုပါ ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် ခုနစ်ဦးသေဆုံးပြီး ၃၀ဒဏ်ရာရရှိခဲ့သည်။)

(အင်တာနက်ဓာတ်ပုံ)

17-11 (04).pmd 1 11/17/2008, 2:24 AM

နှစ်နှစ်ကာကာ ချစ်မြတ်နိုးခဲ့ပါသော်လည်း ....

နိုင်ငံတကာမှုခင်း

ဝူးဘန်းမြို့လေးသည် အမေရိကန်နိုင်ငံ မက်ဆာချူးဆက်ပြည်နယ်၌ တည်ရှိသည်။ ထိုမြို့လေး၌ ဂျီရီမီယက်စ်ဘင် **(ယာပုံ)**အမည်ရှိ အမျိုးသား တစ်ဦးသည် ၂၀၀၆ခုနှစ် အတွင်းက ၎င်းကျူးလွန်ခဲ့သောလူသတ်မှုအတွက်တစ်သက်တစ်ကျွန်း ထောင်ဒဏ် နှစ်ခုကို တစ်ဆက်တည်း ကျခံရန် ယခုနှစ် နိုဝင်ဘာ ၄ရက်က တရားရုံးမှ စီရင်ချက် ချမှတ်ခဲ့သည်။ ဘင်အဖို့ဒေါသရှေ့ထားကာ မမှားသင့်သည့်အမှားကို ကျူးလွန်ခဲ့မိ သောကြောင့် ချစ်ဇနီး ကာလာဆိုဇာနှင့် သေကွဲကွဲခဲ့ရပြီး အခင်းဖြစ်သည့် ၂၀၀၆ခုနှစ် မေလက ငါးလသားအရွယ်သာရှိပြီး ယခုအခါ သုံးနှစ်နီးပါးရှိနေပြီဖြစ်သော သားလေး ဖိလစ်ပီနှင့်လည်း ရှင်ကွဲကွဲကြရတော့မည်ဖြစ်သည်။ ယခုပစ္စုပ္ပန်တွင် ခံစားနေရသော ဒုက္ခတောတွင် သောကပင်လယ်ဝေနေရမှုကို မေ့ဖျောက်ပစ်ကာ အတိတ်မှ ကြည်နူးချမ်းမြေ့ဖွယ် ပုံရိပ်များက သူ၏စိတ်မျက်စိအစဉ်၌ တရေးရေးပေါ်လာပြန်တော့သည်။

ပညာသင်ကြားပေး

ဘရာဇီးနိုင်ငံသားဖြစ်သူ ဘင်သည် အမေရိကန်နိုင်ငံသို့ရောက်သောအခါ သူအားနည်းသော အင်္ဂလိပ်စာကို သင်ယူခဲ့လေသည်။ ထိုမှအစပြုကာ သူ၏ချစ်ဇနီးဖြစ်လာမည့် ဇနီးလောင်း ကာလာဆိုဇာနှင့်တွေ့ကြုံကာ ဖူးစာဆုံခဲ့ကြသည်။

ငြင်းပယ်

ဘင်အင်္ဂလိပ်စာသင်ကြားနေစဉ်အတွင်း ၎င်းအား ကူညီသင်ပြပေးသည့် ဆရာမမှာ ကာလာဆိုဇာအမည်ရှိ အမျိုးသမီးတစ်ဦးဖြစ်ပြီး သူကဲ့သို့ပင် ဘရာဇီးနိုင်ငံမှ အမေရိကန်နိုင်ငံသို့ လာရောက်အခြေချနေထိုင်သူတစ်ဦးဖြစ်သည်။ ဘင်သည် အသက် ၄၅နှစ်အရွယ်ရှိ လူပျိုလူလွတ်တစ်ဦးဖြစ်သည်။ သူ့အားအင်္ဂလိပ်စာသင်ကြားပေးသော ဆရာမကာလာဆိုဇာမှာမူ အသက် ၃၅နှစ်အရွယ်မျှသာရှိသေးသည်။ ဘင်သည် ချောမောလှပသည့် ကာလာဆိုဇာအား နှစ်သက်သဘောကျကာ ချစ်ရေးဆိုပြီး လက်ထပ်ခွင့်တောင်းခံခဲ့သည်။ ကာလာဆိုဇာကမူ သူမအနေဖြင့် ဘင်၏မေတ္တာကို လက်ခံလိုသော်လည်း သူမသည် မုဆိုးမတစ်ဦးဖြစ်ပြီး အသက်ကိုးနှစ်အရွယ် သားတစ်ဦးရှိသည်ကို အကြောင်းပြလျက် ငြင်းပယ်ခဲ့သည်။

အမည်ပေး

သို့သော်လည်း ကာလာဆိုဇာအား စွဲလမ်းမြတ်နိုးမိသော ဘင်၏မရမနေ ချစ်ရေးဆိုခဲ့မှုကြောင့် နောက်ဆုံးတွင် ဘင်သည် ကာလာဆိုဇာ၏အချစ်ကို လက်ဝယ် ပိုင်ဆိုင်ရရှိခဲ့တော့သည်။ ဘင်နှင့်ကာလာဆိုဇာတို့သည် နှစ်ဦးစတင်တွေ့ဆုံကာ ချစ်ကျွမ်းဝင်ခဲ့သည့် ၂၀၀၄ခုနှစ် နှစ်ကုန်ပိုင်းတွင် လက်ထပ်ခဲ့ကြသည်။ ၂၀၀၅ခုနှစ် ဒီဇင်ဘာလတွင် သားဦးလေးကို မွေးဖွားခဲ့ပြီး ဖိလစ်ပီဟု အမည်ပေးခဲ့သည်။

ဝင်ထွက်ခြင်းမရှိ

ကာလာဆိုဇာသည် အလွတ်သင်ပညာရေး အဖွဲ့အစည်းတွင် အမြဲတမ်းအဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ၎င်းအဖွဲ့အစည်းအတွက် အမြဲတမ်း စွမ်းစွမ်းတမံ လုပ်ကိုင်ဆောင်ရွက်ပေးနေသူတစ်ဦးဖြစ်သည်။ သို့သော်လည်း သူမ၏ခင်ပွန်း ဘင်မှာမူ ယင်းအဖွဲ့အစည်း၏ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခြင်းမရှိခဲ့ချေ။ အဖွဲ့အစည်း၏အလုပ်သဘောအရ အဖွဲ့ဝင် အမျိုးသား၊ အမျိုးသမီးများသည် ဘင်နှင့်ကာလာဆိုဇာတို့၏အိမ်သို့ မကြာခဏ ဝင်ထွက်သွားလာလေ့ရှိသည်။ ထို့ကြောင့် သူ့အောက် ၁၀နှစ်ငယ်သော ချစ်ဇနီးချော ကာလာဆိုဇာအား ရရှိ ပိုင်ဆိုင်ထားသူဘင်သည် ဇနီးသည်အား သဝန်တိုစိတ် ဖြစ်ပေါ်လာသောကြောင့် သည်းမခံနိုင်သည့်အဆုံး သူ၏အိမ်သို့ဝင်ထွက်နေသော ယင်းပညာရေးအဖွဲ့မှ အမျိုးသား အမျိုးသမီးများအား သူ၏အိမ်သို့ ဝင်ထွက်ခြင်း လုံးဝမပြုတော့ရန် တားမြစ်ခဲ့သဖြင့် ၎င်းအဖွဲ့ဝင်များမှာ သူ၏အိမ်သို့ ဝင်ထွက်ခြင်း မပြုကြတော့ချေ။

ပြန်လည်နိုးထ

ကာလာဆိုဇာသည် ခင်ပွန်းသည်၏ ချစ်စိတ်ကြောင့် ဖြစ်ပေါ်လာသော သဝန်တိုမှုကြောင့် သူမ၏အိမ်သို့ ဝင်ထွက်သွားလာခြင်းမရှိတော့သော အဖွဲ့ဝင်များနှင့် အဆက်အသွယ်အပြတ်မခံခဲ့ဘဲ ထိုအဖွဲ့အစည်းရှိရာသို့ သွားလာလုပ်ကိုင်ဝင်ထွက်မြဲ ဝင်ထွက်ခဲ့သည်။ သူတို့ဇနီးမောင်နှံ၏သား ဖိလစ်ပီ ငါးလသားအရွယ်သို့ရောက်ရှိခဲ့သည့် ၂၀၀၆ခုနှစ် မေလတွင်မူ ကာလာဆိုဇာ၏ ပညာရေးအဖွဲ့နှင့် ဆက်သွယ်မှုကို တားမြစ်မရသဖြင့် သည်းမခံနိုင်တော့သောဘင်သည် ဇနီးသည်ကာလာဆိုဇာနှင့် အကြီးအကျယ် စကားများကာ ရိုက်မောင်းပုတ်မောင်းလုပ်သည်အထိ ဖြစ်ခဲ့သည်။

ထိုစဉ် မိခင်အား ပထွေးက ရိုက်နှက်သဖြင့် မခံနိုင်သော ကာလာဆိုဇာဘက်မှပါသည့် ဘင်၏ မယားပါသားဖြစ်သူ အသက် ၁၁နှစ်အရွယ်ရှိ ကာအီကူက ရန်ပွဲအတွင်းဝင်ပါရာမှ ဘင်သည် ဒေါသကြောင့် အနီးရှိတုတ်ဖြင့် ၎င်း၏ဦးခေါင်းအား အမှတ်မထင်ရိုက်မိပြီး လဲကျ သတိလစ်သွားသည်။ သားဖြစ်သူအား နာကျင်စေမှုကြောင့် ကာလာဆိုဇာသည် ဘင်အား သဲကြီးမဲကြီး ဝင်ရောက်တိုက်ခိုက်တော့သည်။ ဒေါသအရှိန် မပြေသေးသော ဘင်က ကာလာဆိုဇာ၏ဦးခေါင်းအား ဆက်လက်ရိုက်နှက်ခဲ့သဖြင့် လဲကျကာ သားအမိနှစ်ဦးစလုံး သေဆုံးသွားခဲ့တော့သည်။

ထိုအခါမှ ဒေါသစိတ်ဆင်ရိုင်းကို ချုန်းဖွင့်မိသောဘင်သည် ငါးလသားအရွယ် သားလေးကို ပွေ့ချီကာ ဇနီးနှင့်မယားပါသားအား စိတ်လိုက်မာန်ပါပြုမူခဲ့ပြီး လူသတ်မှုကျူးလွန်မိကြောင်း၊ မှားကြောင်း နောင်တတစ်ပွေ့တစ်ပိုက်ဖြင့် ရဲစခန်း၌ ဝန်ခံ အဖမ်းခံခဲ့သည်။ ထို့ကြောင့် ယခုကဲ့သို့ ထောင်ဒဏ်တစ်သက်တစ်ကျွန်း ထောင်ဒဏ်နှစ်ခုကို တစ်ဆက်တည်းကျခံရခြင်း ဖြစ်သည်ဟု တွေးတောရင်း ဘင်မှာအတိတ်အကြောင်း အတွေးရေလျှဉ်ကြောမှ ပြန်လည်နိုးထလာခဲ့ရတော့သည်။

ယခုဖြစ်ရပ်တွင် ဂျီရီမီယက်စ်ဘင်သည် သူ့အောက် ၁၀နှစ်ငယ်သော ဇနီးသည် ကာလာဆိုဇာအား တန်ဖိုးထားကာ နှစ်နှစ်ကာကာ ချစ်မြတ်နိုးခဲ့ပါသော်လည်း သဝန်တိုစိတ်ကြောင့် ဖြစ်ပေါ်လာသော ဒေါသစိတ်ဆင်ရိုင်းကို ချုန်းဖွင့်မိခဲ့၍ မိသားစုတစ်စုလုံး ကြမ္မာဆိုးနှင့် ကြုံခဲ့ရသော အဖြစ်ကို ရေးသား ဖော်ပြလိုက်ရပါသည်။ ။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်။

နည်းပညာသိပ္ပံ

ကမ္ဘာ့ပထမဆုံး လှုပ်ရှားနိုင်သည့်လက်တု သိပ္ပံပညာရှင်များ တီထွင်ထုတ်လုပ်

လန်ဒန် နိုဝင်ဘာ ၁၆

လူသားတစ်ဦး၏လက်ကဲ့သို့ လှုပ်ရှားအသုံးပြုနိုင်သည့် ကမ္ဘာ့ပထမဆုံးသော စက်ရုပ်လက်ကို တီထွင်ခဲ့ရာ ၂၀၀၈ ခုနှစ်အတွက် ထိပ်တန်းတီထွင်မှုများအနက် တစ်ခုအဖြစ် အသိအမှတ်ပြုထားသည်။

ထည့်သွင်းဖော်ပြ

အဆိုပါလက်ကို ဗြိတိန်နိုင်ငံရှိ လစ် ဗင်း စ တုန်း ကုမ္ပဏီမှ သိပ္ပံပညာရှင် များက တီထွင်လိုက်ခြင်းဖြစ်သည်။ မိုင်း(မ်) မဂ္ဂဇင်းက ထိပ်တန်းတီထွင်မှု ၅၀ ကိုဖော်ပြထားရာ ၎င်း စက်ရုပ်လက် တီထွင်မှုကို ထိပ်တန်းစာရင်းတွင် ထည့်သွင်းဖော်ပြထားသည်။

ယင်းစက်ရုပ်လက်ကို ၎င်းကုမ္ပဏီက အနှစ် ၂၀ကြာအောင် ကြိုးစားခဲ့ရသည်ဟု ဆိုသည်။ စက်ရုပ်လက်ပါ လက်ချောင်းလေးများမှာ လူသားလက်ကဲ့သို့ လှုပ်ရှားအသုံးပြုနိုင်သည်ဟုဆိုသည်။

အသုံးပြုနိုင်

၎င်းစက်ရုပ်လက်ကို အရည်အသွေးမြင့်မားသော ပလတ်စတစ်များဖြင့် အသုံးပြုထုတ်လုပ်ထားခြင်းဖြစ်သည်။ လက်ချောင်းလေးများမှာ ဝက်အူများဖြင့်စုပ်ထားခြင်း မရှိဘဲလွယ်ကူစွာ အသုံးပြုနိုင်သည်။

အဆိုပါ ကုမ္ပဏီက စက်ရုပ်လက်ကို တီထွင်ခဲ့ပြီး မကြာမီကပင် ဝေဒနာရှင် ၄၀၀ကျော်အား လက်တုများ တပ်ဆင်ပေးခဲ့သည်ဟုဆိုသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း။

တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းအကျဉ်း



နိုဝင်ဘာ ၈ရက်မှ ၁၅ရက်အထိ

နိုဝင်ဘာ ၈

ကမ္ဘာ့ရေနံဈေးကွက်၌ ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၀အထိ ကျဆင်းသွားခဲ့ကြောင်း ရေနံရောင်းနိုင်ငံများအဖွဲ့(အိုပက်)က သတင်းထုတ်ပြန်သည်။ ရေနံဈေးနှုန်း ထူးထူးခြားခြားကျဆင်းသွားသော်လည်း ရေနံဝယ်လိုအား ပုံမှန်အနေအထားရှိနေမှုကြောင့် နေ့စဉ်ရေနံထုတ်လုပ်မှုကို လျှော့ချသွားမည်ဖြစ်ကြောင်း အိုပက်က ကြေညာသည်။

နိုဝင်ဘာ ၉

ဆိုမာလီယာနိုင်ငံ ကမ်းလွန်တွင် ရေနံထွက်ကုန်ပစ္စည်းများကို တင်ဆောင်လာသော ကုန်တင်သင်္ဘောတစ်စင်းအားဓားပြများက ပြန်ပေးဆွဲသွားကြောင်း၊ ၎င်းသင်္ဘောပေါ်တွင် သင်္ဘောသား ၁၂ဦးနှင့် ကုန်တန်ချိန်များစွာပါရှိသွားရာ ဆိုမာလီလက်နက်ကိုင်အုပ်စု တစ်စုက မိမိတို့ လက်ချက်ဖြစ်ကြောင်း ပြောကြားသည်။

နိုဝင်ဘာ ၁၀

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း အဝေးပြေးလမ်းမကြီးပေါ်တွင် မိုးရွာသွန်းမှုနှင့် ဆီးနှင်းများ အဆက်မပြတ်ကျဆင်းမှုကြောင့် ကားလမ်းပေါ် ဆီးနှင်းထုနှစ်ပေခန့်အထိ မြင့်တက်ခဲ့ရာ မော်တော်ယာဉ်အစီး ၁၀၀ခန့် ဆီးနှင်းထုများအကြား ပိတ်မိနေခဲ့သည်။

နိုဝင်ဘာ ၁၁

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့မြောက်ဘက်တွင် လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူ ခြောက်ဦးသေဆုံးပြီး မြေပြင်မှ နှစ်ဦးသေဆုံးခဲ့သည်။ ၎င်းလေယာဉ်မှာ အင်ဂျင်ချွတ်ယွင်းမှုကြောင့် ရုတ်တရက် ပျက်ကျခဲ့ခြင်းဖြစ်ပြီး လူနေအိမ်များပေါ်သို့ ပျက်ကျခဲ့ခြင်းဖြစ်သည်။

နိုဝင်ဘာ ၁၂

အိန္ဒိယနိုင်ငံ ဩရိသပြည်နယ်အရှေ့ပိုင်း ချန်ဒီပူရာအခြေစိုက်စခန်းမှ နျူကလီးယား ထိပ်ဖူးတပ်ဒုံးကျည်တစ်စင်းအား အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်သည်။ အိန္ဒိယနိုင်ငံ၏ ဆာဂါရီကာ ဒုံးကျည်အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်ပြီးနောက် ရှစ်လအကြာ ယခုကဲ့သို့ နျူကလီးယားထိပ်ဖူးတပ် တာလတ်ပစ်ဒုံးကျည်ကို စမ်းသပ်ပစ်လွှတ်လိုက်ခြင်းဖြစ်သည်။

နိုဝင်ဘာ ၁၃

တောင်ကိုရီးယား ရေတပ်က တန်ချိန် ၇၆၀၀ ရှိသည့် ဖျက်သင်္ဘော ကေဒီအိတ်ချ်-၃ကို ရေချလိုက်သည်။ ၎င်းသင်္ဘောသည် တောင်ကိုရီးယားနိုင်ငံက တည်ဆောက်သော ဒုတိယမြောက် ဖျက်သင်္ဘောဖြစ်ပြီး ခေတ်မီဆက်သွယ်ရေးစနစ် ပြည့်စုံစွာ တပ်ဆင်ထားကာ အလျား ၁၆၆ မီတာနှင့် အကျယ် ၂၃မီတာရှိသည်။ တပ်ဖွဲ့ဝင်၃၀၀၊ ဒုံးကျည် ၁၂၈စင်းနှင့် တိုက်ခိုက်ရေးရဟတ်ယာဉ်များကို သယ်ဆောင်သွားနိုင်သည်။ *(ဝဲပုံ)*

နိုဝင်ဘာ ၁၄

*အိန္ဒိယနိုင်ငံက လွှတ်တင်ထားသော လလေ့လာရေးယာဉ်ချန်ဒရာယန်-၁**(အောက်ပုံ)**သည် အိန္ဒိယစံတော်ချိန် ည ၈နာရီ ၃၁မိနစ်တွင် လ၏ မျက်နှာပြင်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သည်။ ချန်ဒရာယန်-၁ လေ့လာရေးယာဉ်သည် လ၏မျက်နှာပြင်ပေါ်သို့ ဆင်းသက်ပြီး ၂၅မိနစ် အကြာ၌ လ၏မျက်နှာပြင်ပုံရိပ်ကို မြေပြင်စခန်းသို့ ပထမဆုံးအကြိမ် ပြန်လည်ပေးပို့ခဲ့သည်။*

နိုဝင်ဘာ ၁၅

အမေရိကန်နိုင်ငံ၏ ၄၄ဦးမြောက် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော ဘားရက်အိုဘားမားက ၎င်းအနေဖြင့် အမေရိကန်သမ္မတအဖြစ် တာဝန်လွှဲပြောင်း ရယူပြီးပါက အမေရိကန်နိုင်ငံ၏ ကျဆင်းနေသော စီးပွားရေးကို ကယ်တင်မြှင့်တင်နိုင်ရေး စီမံချက်ကို ပထမဦးစားပေးအနေဖြင့် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

မောင်မောင်မြင့်ဆွေ စုစည်းသည်။

ဘဝအမောပြေ

အပန်းဖြေဖို့ပါ ....

အလုပ်အားလပ်ရက်၌ အပန်းဖြေရန် စီစဉ်ထားသည်ဆိုသဖြင့် ဇနီးဖြစ်သူက ခင်ပွန်းဖြစ်သူ အလုပ်မှပြန်အလာကို စောင့်ဆိုင်းနေစဉ် ခင်ပွန်းဖြစ်သူပြန်ရောက်လာခဲ့သည်။

ခင်ပွန်း ။ ။ မနက်ဖြန် အလုပ်အားရက်မို့ စိတ်တိုင်းကျ အပန်းဖြေဖို့ စီစဉ်လာတယ်။
ဇနီး ။ ။ ဒါကြောင့် ကျွန်မရှင့်ကိုစောင့်နေတာ၊ ဘယ်လိုများ စီစဉ်ထားလို့လဲ။
ခင်ပွန်း ။ ။ အကောင်းဆုံး ပြဇာတ်ကြည့်ဖို့ လက်မှတ်သုံးစောင်ဝယ်လာခဲ့တယ်၊ တစ်နေ့လုံးကြည့်နိုင်တယ်။
ဇနီး ။ ။ အဲဒီလက်မှတ်သုံးစောင်က ဘယ်သူတွေအတွက်လဲ။
ခင်ပွန်း ။ ။ မင်းရယ်၊ မင်းအဖေနဲ့ အမေအတွက်ပေါ့၊ သွားကြပေတော့။
ဇနီး ။ ။ "ဘာ"

ဖောင်ပိတ် အားကစားသတင်း

အဲဗာတန်နှင့် မစ်ဒယ်ဘရော့ သရေကျ ဟူးလ်စီးတီးနှင့် မန်စီးတီး တစ်မှတ်စီခွဲယူ

လန်ဒန် နိုဝင်ဘာ ၁၆

ပရီမီယာလိဂ်ပွဲစဉ်(၁၃)ကို နိုဝင်ဘာ ၁၆ရက် ညပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားကြရာ အဲဗာတန်နှင့် မစ်ဒယ်ဘရော့တို့ တစ်ဖက်တစ်ဂိုးစီ သရေကျပြီး တစ်မှတ်စီခွဲယူလိုက်ကြရသည်။

အဲဗာတန်အသင်းသည် တိုက်စစ်တွင် လူးဝစ်ဆာဟာနှင့် ယာကူဘူတို့ကိုထားပြီး အလယ်တန်းတွင် အော့စမန်၊ အာတီတာ၊ ကာဟေးလ်၊ ဖီလိုင်နီတို့ဖြင့် လိုက်ပါဝန်းရံကစားစေခဲ့သည်။ နောက်တန်းတွင် ဂျာဂီလ်ကာ၊ ယိုဘို၊ လက်စ်ကော့တ်နှင့်နဗီးလ်တို့ကို ကစားစေခဲ့သည်။

မစ်ဒယ်ဘရော့အသင်းကမူ တိုက်စစ်တွင် အဲလ်ဘတ်ဇ်၊ ဆန်လီတို့ကို ထားကာ အလယ်တန်းတွင် ဂါရီအိုနေးလ်၊ ဒေါင်းနင်း၊ ဒီဂတ်၊ ဂျူလီယိုအာကာတို့ ပါဝင်ကစားခဲ့ပြီး နောက်တန်း၌ ဟွိုင်တီ၊ တေလာ၊ ရစ်ဂေါ့ထ်၊ ပိုဂါတ်ဇ်တို့ ပွဲထွက်ခဲ့သည်။

ထိန်းချုပ်ကစား

ပွဲစလျှင်စချင်း မစ်ဒယ်ဘရော့တို့ တန်ပြန်တိုက်စစ်မှတစ်ဆင့် ပွဲချိန် ရှစ်မိနစ်တွင် ဂါရီအိုနေးလ်က မစ်ဒယ်ဘရော့အတွက် ဦးဆောင်ဂိုး သွင်းယူခဲ့သည်။ ပထမတစ်ပိုင်းလုံး အဲဗာတန်တို့ ကစားကွက်အသာစီးရကာ တစ်ဖက်အသင်းအား ထိန်းချုပ်ကစားနိုင်ခဲ့သော်လည်း ချေပဂိုးမသွင်းနိုင်ခဲ့သဖြင့် မစ်ဒယ်ဘရောတို့ တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နေခဲ့သည်။

ဒုတိယပိုင်းတွင် အဲဗာတန်တို့ ချေပဂိုးရရှိရေး တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲချိန် ၆၅မိနစ်၌ ယာကူဘူက ချေပဂိုးသွင်းယူလိုက်သဖြင့် တစ်ဂိုးစီသရေကျသွားကာ တစ်မှတ်စီ ခွဲယူခဲ့ကြသည်။

ဟူးလ်စီးတီးနှင့် မန်စီးတီး

ဟူးလ်စီးတီးနှင့် မန်စီးတီးတို့ ပွဲစဉ်တွင်လည်း နှစ်သင်းစလုံးအနိုင်ရရှိရေးအတွက် လူစုံတက်စုံ ခြေကုန်ထုတ်ကစားခဲ့ကြသည်။

နှစ်သင်းစလုံး အပြန်အလှန် ထိုးဖောက်ကစားခဲ့ကြရာ ပွဲချိန် ၁၄မိနစ်တွင် ဟူးလ်စီးတီးတိုက်စစ်မှူး ဒင်နီယယ်ကာဆင်က ဘင်ဟိန်းဖန်တီးပေးသော ဘောမှတစ်ဆင့် ဦးဆောင်ဂိုး သွင်းယူခဲ့သော်လည်း မန်စီးတီးမှ ကွင်းလယ်ကစားသမား စတီဖင်က ၃၇မိနစ်၌ ချေပဂိုးသွင်းယူခဲ့ပြီး ပထမပိုင်း ၄၅မိနစ်တွင် စတီဖင်ကပင် ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သဖြင့် မန်စီးတီးတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နေခဲ့သည်။

သရေကျ

ဒုတိယပိုင်းတွင် ဟူးလ်စီးတီးတို့ ချေပဂိုးရရှိရေး ကြိုးစားခဲ့ရာ ကွင်းလယ်ကစားသမား ဂျီရိုဗန်နီက ပွဲချိန် ၆၁မိနစ်၌ ဟူးလ်စီးတီးအတွက် ချေပဂိုးသွင်းယူခဲ့သဖြင့် ပွဲအပြီး၌ နှစ်ဂိုးစီ သရေကျသွားသည်။ **(အင်တာနက်)**

ပရီမီယာလိဂ်ပွဲစဉ်(၁၃)အပြီး အသင်းများ၏ရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	ချယ်လ်ဆီး	၁၃	၁၀	၂	၁	၃၂
၂	လီဗာပူး	၁၃	၁၀	၂	၁	၃၂
၃	မန်ယူ	၁၂	၇	၃	၂	၂၄
၄	အာဆင်နယ်	၁၃	၇	၂	၄	၂၃
၅	အက်စ်တွန်ဗီလာ	၁၃	၇	၂	၄	၂၃
၆	ဟူးလ်စီးတီး	၁၃	၆	၃	၄	၂၁
၇	အဲဗာတန်	၁၃	၅	၄	၄	၁၉
၈	မစ်ဒယ်ဘရော့	၁၃	၅	၃	၅	၁၈
၉	ပို့စ်မောက်	၁၃	၅	၃	၅	၁၈
၁၀	ဖူလ်ဟမ်	၁၂	၅	၂	၅	၁၇
၁၁	ဆန်းဒါးလန်း	၁၃	၄	၃	၆	၁၅
၁၂	မန်စီးတီး	၁၃	၄	၂	၇	၁၄
၁၃	ဘော်လ်တန်	၁၃	၄	၂	၇	၁၄
၁၄	ဝက်စ်ဟမ်း	၁၃	၄	၂	၇	၁၄
၁၅	စတုတ်	၁၃	၄	၂	၇	၁၄
၁၆	ဝီဂန်	၁၃	၃	၄	၆	၁၃
၁၇	နယူးကာဆယ်	၁၃	၃	၄	၆	၁၃
၁၈	ဘလက်ဘန်း	၁၃	၃	၄	၆	၁၃
၁၉	စပါး	၁၃	၃	၃	၇	၁၂
၂၀	ဝက်စ်ဘရွန်း	၁၃	၃	၂	၈	၁၁

စပိန်လာလီဂါပွဲစဉ်ရလဒ်များ

အယ်လ်မေးရီးယား	၂-၁	မာလော့ကာ
အက်သလက်တီကိုမက်ဒရစ်	၄-၁	ဒီပို့တီပို
ရီးရဲဘက်တစ်	၃-၁	ရေးဆင်း
အက်စပန်းညို	၃-၄	နျူမန်စီယာ
ဂီတာဖေး	၀-၂	ဆီဗီလာ
မာလာဂါ	၂-၂	ဗီလာရီးရဲ

အီတလီစီးရီးအေပွဲစဉ်ရလဒ်များ

အေစီမီလန်	၁-၀	ချီယေးဗို
အတ္တလန္တာ	၃-၁	နာပိုလီ
ကာဂလီယာရီ	၁-၀	ဖီအိုရင်တီးနား
ကာတာနီးယား	၃-၂	တိုရီနို
ဆမ်ဒိုးရီးယား	၃-၂	လက်ချီ
ဆီနာ	၁-၁	ဘိုလော့ဂ်နာ
အူဒီးနီးစ်	၀-၁	ရက်ဂျီနာ

ချစ်စိုးနိုင် စုစည်းသည်

● ကျောဖုံးမှ

ဖွံ့ဖြိုးတိုးတက်မှုများကို ကွင်းဆင်းကြည့်ရှုရေးသားရန် မှာကြားချက်အရ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်အနီးရှိ ရော်ဘာပင်များ ပျိုးထောင်မှု၊ ဆီအုန်းပင်များ စိုက်ပျိုးထားမှုများကို သွားရောက်ကြည့်ရှုလေ့လာခဲ့ကြပါသည်။

ရော်ဘာ

ရခိုင်ပြည်နယ် နှစ်ရှည်ပင်လုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးနိုင်ဦးက ရော်ဘာမျိုးကိုင်းကူးပျိုးပင်နှင့် အစေ့စိုက်ပျိုးခင်းများကို ပြသပါသည်။ အစေ့စိုက်ခြင်းထက် ကိုင်းကူးစိုက်ပျိုးခြင်းက ရော်ဘာအထွက် နှုန်းကောင်းမွန်သဖြင့် ရော်ဘာမျိုးသန့် ကိုင်းပွားခင်းကို တစ်ပြည်နယ်လုံးတွင် ၁၆ဧက တည်ထောင်ထားကြောင်း၊ အစေ့စိုက်ပျိုးခင်းမှာလည်း မြေရာသီဥတုအခြေအနေအရ စိုက်ရသဖြင့် ဇူလိုင်လမှ စက်တင်ဘာလအတွင်း ရော်ဘာမျိုးစေ့များ အချိန်နှင့်တစ်ပြေးညီပျိုးထောင်ရမှု ရော်ဘာမျိုးစေ့အပင်မှ ကြွေကျပြီး တစ်ပတ်အတွင်း ပျိုးမထောင်ပါက မျိုးစေ့ပုပ်သွားတတ်သဖြင့် ပျိုးပင်ရရေးအတွက် များစွာသတိထားရကြောင်း ပျိုးခင်းများအား ပြသရင်း ပြောပြသည်။

မေယုတောင်တန်းသည် အလျားမိုင် ၇၀ခန့်ရှိပြီး ရော်ဘာဧက တစ်သိန်း စိုက်ပျိုးနိုင်သဖြင့် ယခုအခါ တိုင်းရင်းသားကျေးရွာ ၃၆ရွာမှ ဧက ၂၀၈၄ စိုက်ပျိုးပြီးဖြစ်သည်။

တစ်ပင်လုံးအသုံးဝင်

ရော်ဘာပင်မှာ အစေးကို ပြည်ပသို့ ရောင်းရပြီး အစေ့မှာ ပျိုးပင်စိုက်ရသည့်အပြင် ရော်ဘာပင် အိုမင်းလာသည့်အခါ သစ်ပင်၊သစ်ကိုင်းတို့ကို သစ်ခွဲသားအဖြစ် အသုံးပြုရသဖြင့် ရော်ဘာတစ်ပင်လုံး တန်ဖိုးရှိ အသုံးဝင်သစ်ပင် ဖြစ်သည်။

မျိုးကောင်းရော်ဘာပျိုးပင် တစ်ပင် ကျပ်၁၀၀ ဖြင့် ရခိုင်ပြည်နယ် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ ရောင်းချလျက်ရှိရာ စီးပွားဖြစ်ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ဒေသခံစိုက်ပျိုးသူများအဖို့ အဆင်ပြေလှသည်။

စိုက်ပျိုးမြေကို အမှန်တကယ်စိုက်ပျိုးမည့် တိုင်းရင်းသား လုပ်ငန်းရှင်များ၊ တိုင်းရင်းသား ကုမ္ပဏီများ၊ ပုဂ္ဂလိကစိုက်ပျိုးရေးသမားများကို မေယုတောင်တန်းတွင် အခမဲ့ နေရာချထားပေးလျက်ရှိရာ စီးပွားဖြစ် လုပ်ကိုင်လိုသူများ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်းစီသို့ လျှောက်ထားနိုင်ကြောင်း သိရသည်။

ရော်ဘာပင် တစ်ပင်မှာ ခြောက်နှစ်သားအရွယ်မှ ခုနစ်နှစ်သားအရွယ်အတွင်း စတင်အစေးထုတ်ယူနိုင်ပြီး ၁၀နှစ်သားအရွယ်အပင်မှ စ၍ အသီးကို အောင်မြင်သည့် ပျိုးပင်အဖြစ် အသုံးပြုပျိုးထောင်နိုင်သည်။

"အစေ့စိုက်ခြင်းထက် ကိုင်းကူးစိုက်ပျိုးခြင်းက ရော်ဘာအထွက်နှုန်းကောင်းမွန်နိုင်ပါတယ်"
ဦးနိုင်ဦး
ပြည်နယ်မန်နေဂျာ

ထွက်ရှိသမျှ ရော်ဘာစေးများကို လွတ်လပ်စွာ မိမိတို့ကြိုက်နှစ်သက်ရာသို့ ရောင်းချခွင့်ပြုထားရာ ယခုအခါ ရော်ဘာတစ်ပေါင် ကျပ်၁၅၀၀နှင့် အရောင်းအဝယ်ဖြစ်နေသည်ဟု သိရသည်။

အသစ်ထပ်မံစိုက်ပျိုး

ရော်ဘာတစ်ပင်၏ စီးပွားရေးသက်တမ်းမှာ နှစ်ပေါင်း ၃၀ကျော်အထိရှိသော်လည်း အချို့မှာ နှစ် ၃၀တွင် အပင်များ ခုတ်ထွင်ကာ အသစ်ထပ်မံ စိုက်ပျိုးကြသည်။

ဝင်ငွေတိုး

ရော်ဘာပင်သည် ရွှေဖြူဟု တင်စားခေါ်ဝေါ်သည်အထိ တန်ဖိုးရှိလှပြီး ယခင်က ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းအတွင်းရှိ မြို့နယ်အချို့တွင်သာ စိုက်ပျိုးခဲ့ပြီး ရော်ဘာပင်ကို မြန်မာ့ရုပ်ရှင်ထဲတွင် ဇာတ်ဝင်ခန်းအဖြစ် တွေ့ရသည်။ ယခုအခါ ရော်ဘာ၏ ကျေးဇူးကြောင့် ဝင်ငွေတိုးကာ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ ပုဂ္ဂလိကစိုက်ပျိုးရေး ဝါသနာရှင်များက မြန်မာတစ်ပြည်လုံးတွင် ဧက ကိုးသိန်းသုံးသောင်းကျော်စိုက်ပျိုးရာ ဧကသုံးသိန်းလေးသောင်းခန့်မှာ အစေးထုတ်လုပ်နိုင်ပြီး ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ပေါင် ၁၈၁၃ သိန်း ထုတ်လုပ်နိုင်ပေသည်။

ရခိုင်ပြည်နယ် ဒေသခံများသည် ယခင်က ရော်ဘာပင် စိုက်ပျိုးအောင်မြင်မှုကို မသိသဖြင့် စိုက်ပျိုးနိုင်ခြင်း မရှိပါ။ ယခုအခါ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ ဝန်ထမ်းများ၏ ပညာပေးစည်းရုံးမှုဖြင့် မောင်တောခရိုင်တွင် မောင်တော၊ ဘူးသီးတောင်မြို့နယ်များ၊ စစ်တွေခရိုင်တွင် စစ်တွေ၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ ပေါက်တော၊မြေပုံမြို့နယ်များ၊ကျောက်ဖြူခရိုင်တွင် ကျောက်ဖြူ၊ ရမ်းဗြဲ၊ မာန်အောင်၊ အမ်းမြို့နယ်များ၊ သံတွဲခရိုင်တွင် သံတွဲ၊ တောင်ကုတ်၊ ဂွမြို့နယ်များတွင် ဧကနှစ်သောင်းကိုးထောင်ကျော် စိုက်ပျိုးလျက်ရှိသည်။

တစ်ဧကလျှင် ရော်ဘာပင်၂၂၀ စိုက်ပျိုးနိုင်ပြီး ပထမနှစ်မှ သတ္တမနှစ်အထိ တစ်ဧက ကျပ်၁၀သိန်းမှ ၁၃သိန်းကျော် လုပ်အားခ၊ပျိုးပင်၊ဓာတ်မြေဩဇာပါ ရင်းနှီးမြှုပ်နှံကုန်ကျနိုင်ပြီး ရှစ်နှစ်မှ နှစ်၃၀အထိ တစ်ဧကလျှင် ကျပ်၁၉၂သိန်းကျော် ဝင်ငွေရနိုင်သည်ကို တွေ့ရသည်။ ယင်းအမြတ်ငွေမှာ တစ်ပေါင် ကျပ်တစ်ထောင်နှုန်းဖြစ်ရာ ယခုပေါက်ဈေးနှုန်းမှာ ကျပ် ၁၅၀၀ဖြစ်သဖြင့် ကျပ်သိန်း၂၉၀ခန့်ရရှိနိုင်ပေသည်။

ဖြစ်ထွန်းအောင်မြင်

ရခိုင်ပြည်နယ်တွင် ရော်ဘာ၊ဆီအုန်း၊ သီဟိုဠ်၊ သစ်ဆိမ့်စသည့် နှစ်ရှည်အပင်များကို စိုက်ပျိုးရာ ရော်ဘာကို ဧက၂၉၁၀၇၊ ဆီအုန်းဧက ၁၁၀၊ သီဟိုဠ် ၁၅၅၈၈ဧကနှင့် သစ်ဆိမ့် ၁၅၈၉၃ဧက စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။

အဆိုပါ နှစ်ရှည်ပင်စိုက်ပျိုးမှုမှာ နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင်များဖြစ်ပြီး ရှေးဦးစွာ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ ပြည်သူလူထုကို စတင်စိုက်ပျိုးပြသပြီး ဖြစ်ထွန်းအောင်မြင်သည့်အခါ တိုင်းရင်းသားပုဂ္ဂလိကများကို ပညာပေး စည်းရုံးစိုက်ပျိုးစေခဲ့သည်။

ပိုမိုတိုးတက်

ရခိုင်ပြည်နယ်သည် တစ်နေရာနှင့်တစ်နေရာ ယခင်က ကူးလူးဆက်ဆံမှု ခဲယဉ်းသဖြင့် ဖွံ့ဖြိုးမှုနောက်ကျ နေးကွေးခဲ့ရပါသည်။ ယခုအခါ နိုင်ငံတော်၏ ကျေးဇူးဖြင့် လမ်းတံတားများ ကောင်းမွန်လာသဖြင့် တစ်နေရာနှင့်တစ်နေရာ သွားလာမှု အဆင်ပြေချောမွေ့လာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးတိုးတက်မှုများ တစ်စထက်တစ်စ ပိုမိုတိုးတက်လာခဲ့ပေပြီ။

သက်ဆိုင်ရာ နှစ်ရှည်ပင်လုပ်ငန်းမှ ပညာပေးခြင်း၊ စိုက်ပျိုးမြေရရှိအောင် ဆောင်ရွက်ပေးခြင်း၊ အမှန်တကယ် စိုက်ပျိုးစရိတ် လိုအပ်သည့်နေရာများတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ငွေထုတ်ချေးပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

မောင်တောခရိုင် မေယုတောင်တန်း ရော်ဘာဧက ၁၈၀၀ စိုက်ပျိုးရန်အတွက် ပုဂ္ဂလိကခြံလုပ်ငန်းရှင်များအား ငွေကျပ် ၁၀၆၄ သိန်းကျော် ထုတ်ချေးပေးခဲ့ရာ သတ်မှတ်ဧကအပြည့် အားလုံး စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

စီးပွားဖြစ်စိုက်ပျိုး

မကြာသေးသည့် ကာလတွင် နိုင်ငံတော်အကြီးအကဲ၏ ၂၀၀၄ခုနှစ် ရခိုင်ပြည်ခရီးစဉ်အတွင်း လမ်းညွှန်ချက်နှင့်အညီ မေယုတောင်တန်း ရော်ဘာလွှမ်းရမည်ဆိုသည့် ရည်မှန်းချက်သည် ရေမြေ၊ ရာသီဥတုကောင်းမွန်ပြီး ဒေသခံအလုပ်သမားပေါများသည့် ဒေသတွင် စီးပွားဖြစ်စိုက်ပျိုးလိုသူများ လာရောက်လေ့လာစိုက်ပျိုးကြလျှင် မုချအောင်မြင်မည် ဖြစ်ပါသည်။

ရော်ဘာ စိုက်ပျိုးအောင်မြင်ကာ စီးပွားဖြစ်လာသဖြင့် စိုက်ပျိုးသူများပြားလာသည့် အမ်းမြို့နယ်နှင့် မင်းပြားမြို့နယ်များတွင် ရော်ဘာထုတ်လုပ်သူများ အသင်းဖွဲ့စည်းကာ ရော်ဘာစိုက်ပျိုးရေးလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ထွက်ရှိလာသော ရော်ဘာပင်များအား ဈေးကွက်သို့ စုစည်းတင်ပို့ရာတွင် အထောက်အကူဖြစ်စေရန်အတွက် ဆောင်ရွက်လျက်ရှိသဖြင့် ရော်ဘာစိုက်ပျိုးသူများအတွက် စီးပွားဖြစ်ကာ အဆင်ပြေကြပါသည်။

ပြည်ထောင်စု ကမ်းရိုးတန်းလမ်းမကြီးဘေးရှိ ဂွမြို့မှ အမ်းမြို့၊ အမ်းမြို့မှ စစ်တွေမြို့ လမ်းဘေးဝဲယာတစ်လျှောက်တွင် အဆင့်မြင့်ရော်ဘာခြံ များစွာပေါ်ထွန်းလာပြီဖြစ်ပြီး ပုဂ္ဂလိကရော်ဘာခြံများ ဒေသအလိုက် လျှောက်ထားမှုအပေါ် ခွင့်ပြုထားနေပြီးဖြစ်ရာ ရခိုင်ပြည်နယ် ရော်ဘာအထွက်နှုန်း တစ်စထက်တစ်စ တိုးမြင့်လာကာ စိုက်ပျိုးသူများ စီးပွားရေး တိုးတက်ဖြစ်ထွန်းနိုင်မည်မှာ မလွဲဧကန် ဖြစ်ပါကြောင်း။ ။

(မြန်မာ့အလင်း)

ရခိုင်ပြည်နယ် မင်းပြားမြို့နယ်ရှိ ပုဂ္ဂလိကရော်ဘာစိုက်ခင်းကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

မသန်စွမ်းသူများ ဂေါက်သီးရိုက်ပြိုင်ပွဲ တပ်မတော်ဂေါက်ကွင်း၌ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၆

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်တို့ ကြီးမှူး၍ အကြိမ်(၂၀)မြောက် မသန်စွမ်းသူများ ဂေါက်သီးရိုက်ပြိုင်ပွဲကို နိုဝင်ဘာ ၁၉ရက်တွင် တပ်မတော်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

သတင်းပို့

ပြိုင်ပွဲဝင် မသန်စွမ်း ဂေါက်သီးရိုက်အားကစားသမားများသည် နိုဝင်ဘာ ၁၈ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ရုံး အောင်ဆန်းကွင်း ဖုန်း-၀၁-၃၈၂၄၅၅၊ ဗိုလ်မှူးသိန်းဆွေမြင့်(ငြိမ်း) ဖုန်း-၀၁-၅၄၂၉၄၁၊ ဗိုလ်ကြီးအောင်မြင့်ထွန်း(ငြိမ်း) ဖုန်း-၀၉-၈၀-၂၄၀၉၀တို့သို့ ဆက်သွယ်စာရင်းပေးကြရန်နှင့် နိုဝင်ဘာ ၁၉ရက် နံနက် ၆နာရီအရောက် တပ်မတော်ဂေါက်ကွင်းသို့ လာရောက်သတင်းပို့ရန်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျိုက်ထိုမြို့ ကဒတ်ချောင်းကူးတံတားတည်ဆောက်ခြင်းလုပ်ငန်း ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၆

မွန်ပြည်နယ် ကျိုက်ထိုမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် နိုဝင်ဘာ ၉ရက် နံနက် ၇နာရီက ကျိုက်ထိုတပ်နယ်ရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်မိသားစုဝင်များနှင့်တွေ့ဆုံ၍ ကျိုက်ထိုတပ်နယ်အတွင်း စိုက်ပျိုးထားသော ရော်ဘာပျိုးပင်များနှင့် စားသုံးသီးပင်စိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျိုက်ထိုမြို့နယ် ဝင်းကလောကျေးရွာရှိ ခရိုင်ချင်းဆက် လမ်းအမှတ်(၂) (ဇီးကုန်း-ဆင်တွင်းလမ်းပိုင်း) ကဒတ်ချောင်းကူးတံတား တည်ဆောက်ခြင်းလုပ်ငန်းခွင်၌ ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်သာအေးသည် ကျိုက်ထိုမြို့နယ် အင်ဘိုကျေးရွာရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း(နှစ်ရှည်ပင်)နှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဌာန (နှစ်ရှည်ပင်)၏ သုတေသနနှင့်မျိုးပွားခြံ(အင်ဘို)၌ ကြည့်ရှုစစ်ဆေးပြီး**(အပေါ်ပုံ)** ကျိုက်ထို-စစ်တောင်းလမ်းအပိုင်း မိုင်တိုင် အမှတ်၉၂နှင့်၉၅ အကြားရှိ လမ်းအခြေအနေများကိုလည်းကောင်း၊ စစ်တောင်းတံတား (မုပ္ပလင်) ကြံ့ခိုင်မှုအခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေနိုင်ငံသတင်းဂျာနယ် အတွဲ(၇)၊ အမှတ်(၁၃)ထွက်ပြီ

ရန်ကုန် နိုဝင်ဘာ ၁၆

အဆိုပါဂျာနယ်တွင် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီး အစည်းအဝေး မြန်မာနိုင်ငံအတွက်အကျိုးရှိ၊ကမ္ဘာ့ငွေကြေးနှင့် စီးပွားရေးပြဿနာကြောင့် မြန်မာနိုင်ငံ တိုက်ရိုက်ဆိုးကျိုးမရှိနိုင်၊ မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)ဖွင့်ပြီ၊ မြန်မာ့အိုင်တီလောက ရှေ့တစ်ဆင့်တက်လှမ်း၊ ဇီဝဓာတ်ငွေ့စွမ်းအင်ထုတ် ဓာတ်ပေါင်းအိုးများ တည်ဆောက်လက်တွေ့ပြသ၊ နာဂစ်မုန်တိုင်းလွန်ခြောက်လအကြာ၊ ဒီမိုကရေစီပန်းတိုင်သို့ လက်တွဲညီညီချီကြစို့၊ ကျိုင်းတုံရောက်အတွေး၊ ဖြစ်စဉ်နှင့် မြင်ကွင်းများ၊ မြန်မာ့ဆန်စပါးသုတေသနဌာန (မော်ဘီ) နှစ် ၁၀၀ ပြည့်မှသည်… စသည့် သတင်းဆောင်းပါးများ ပါရှိသည်။

ထို့အပြင် မြန်မာနိုင်ငံတွင် အာဆီယံရင်းနှီးမြှုပ်နှံမှု ပထမ၊ တရုတ်က ကုန်တင်ရထားတွဲ ၂၀၀၊ လူစီးရထားတွဲ ၂၀နှင့် စက်ခေါင်းကို လက်ဆောင်ပေးမည်၊ ဘိုင်အိုဒီဇယ်ထုတ်ရန် မြန်မာ-ဂျပန် ဖက်စပ်ကုမ္ပဏီ ထူထောင်မည်၊ နို့စားနွားမွေးမြူမှုဖွံ့ဖြိုးရေးအတွက် ဒေါ်လာ သုံးသိန်းခြောက်သောင်း FAOက ကူညီမည်စသည့် ပြည်တွင်း၊ ပြည်ပသတင်းများ စုံစုံလင်လင် ဓာတ်ပုံများ ဝေဝေဆာဆာပါရှိသည်။

အဆိုပါ ဂျာနယ်ကို **(အပေါ်ယာပုံ)**ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာအုပ်ဆိုင်၊ ပန်းရွှေပြည်စာအုပ်ဆိုင်တို့တွင် ဝယ်ယူရရှိနိုင်ပြီး

စာမူပေးပို့ရန်နှင့် ဆက်သွယ်ရန် လိပ်စာမှာ ရွှေနိုင်ငံသတင်းဂျာနယ် အမှတ်၂၂၈ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး လုပ်ငန်းရုံး အဆောက်အအုံ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၂၀၇၀ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မာမီးခေါက်ဆွဲ ခဲခြစ်ကံစမ်းမဲအစီအစဉ်မှ ကံထူးရှင်များအား ဆုများပေးအပ်

ရန်ကုန် နိုဝင်ဘာ ၁၆

မြန်မာမာမီးဒါဘယ်ဒက်ကာ လီမိတက်၏ မာမီးခေါက်ဆွဲ ကျပ်သိန်း ၁၂၀၀ ခဲခြစ်ကံစမ်းမဲ အစီအစဉ်မှ နိုဝင်ဘာ၁၀ရက်အထိ ကံထူးရှင်များဖြစ်သည့် ငွေကျပ် ၁၀ သိန်းဆု ကံထူးရှင် ဒေါ်အေးအေးနိုင် ၁၂/အစန(နိုင်)၁၁၃၉၂၈ ရန်ကုန်မြို့၊ ငွေကျပ် ငါးသိန်းဆု ကံထူးရှင် ဒေါ်မြင့်မြင့်စန်း ၁၃/တကန(နိုင်) ၁၃၅၆၅၉ တောင်ကြီးမြို့**(အောက်ပုံ)**၊ငွေကျပ်တစ်သိန်းဆု ကံထူးရှင်များဖြစ်သည့် ဦးဝင်းကြည် ၆/ကသန(နိုင်)၀၄၀၆၁၅ ကော့သောင်းမြို့၊ ဒေါ်သင်းသင်းမြတ် ၁၄/မမန(နိုင်)၁၅၄၅၀၅ မြောင်းမြမြို့နှင့် မသန်းသန်းဌေး ၈/မထန(နိုင်)၀၂၆၀၆၂ အောင်လံမြို့၊ ငွေကျပ် ငါးသောင်းဆု ကံထူးရှင်များဖြစ်သည့် မနန်းခင်အေးမြတ် ၁/တနန(နိုင်)၀၀၀၈၀၀ မူဆယ်မြို့၊ မောင်စိန်လွင် ၆/ကသန(နိုင်) ၀၃၆၃၃၇ ကော့သောင်းမြို့၊ မောင်လတ်မျိုး (လားရှိုးမြို့)နှင့် မလဲ့လဲ့နိုင် ၁၂/ဥကမ(နိုင်) ၁၉၂၉၉၀ ရန်ကုန်မြို့တို့သို့ ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီးဖြစ်သည်။

နောက်ဆုံးထားလဲလှယ်

ဆက်လက်၍ ဆုမဲပေါင်းများစွာ ကျန်ရှိနေသေးကြောင်းနှင့် မာမီးခေါက်ဆွဲ ကျပ်သိန်း ၁၂၀၀ခဲခြစ်ကံစမ်းမဲအစီအစဉ်မှ ကံစမ်းမဲဆုများကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၅ရက် နောက်ဆုံးထား၍ လဲလှယ်ထုတ်ယူနိုင်ကြောင်း သိရသည်။

ထပ်မံချီးမြှင့်

မာမီးခေါက်ဆွဲထုပ် ခဲခြစ်ကံစမ်းမဲ ပေါက်မဲဆု ကျပ် ၁၀သိန်း၊ ကျပ်ငါးသိန်းနှင့် ကျပ်တစ်သိန်းဆုများကို မာမီးခေါက်ဆွဲ၏ မြန်မာမာမီးဒါဘယ်ဒက်ကာလီမိတက် စက်ရုံတည်ရှိရာ အမှတ်(၄၁) အမှတ်(၃) လမ်းမကြီး မင်္ဂလာဒုံစက်မှုဇုန် ရန်ကုန်မြို့၌ လည်းကောင်း၊ ပေါက်မဲဆုကျပ်ငါးသောင်းဆုနှင့်အောက် ဆုမဲများကို မြန်မာနိုင်ငံရှိ Asia Light ရုံးခွဲများတွင် လည်းကောင်း မှတ်ပုံတင်များနှင့်တကွ လာရောက်ထုတ်ယူနိုင်ပြီး ပေါက်မဲဆု ကျပ် ၁၀၀၀နှင့်အောက် ဆုမဲများကို မာမီးခေါက်ဆွဲ အရောင်းဆိုင်များတွင် လဲလှယ်ထုတ်ယူနိုင်ကြောင်း၊ မာမီး ကံစမ်းမဲကတ်ပြားလဲလှယ်ပေးသော မာမီးခေါက်ဆွဲ အရောင်းဆိုင်များကို ပေါက်မဲ၏ ၁၀ရာခိုင်နှုန်း ထပ်မံချီးမြှင့်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သက်ကြီးစာပေပညာရှင်များပူဇော်ရန် အလှူငွေများလှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၁၆

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ကကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေနှင့် ပစ္စည်းများကို ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် ၃၇လမ်းထောင့် စာပေဗိမာန်ဒုတိယထပ်ရှိ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့သို့ ဆက်သွယ်ပေးပို့ လှူဒါန်းလျက်ရှိရာ ၁၃၇၀ပြည့်နှစ် စာဆိုတော်နေ့ စာပေဟောပြောပွဲကျင်းပရေးကော်မတီ (တာချီလိတ်)က ငွေကျပ်ရှစ်သိန်း၊ တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်ငါးသိန်း၊ ဦးကျော်ခိုင်- ဒေါ်ခင်ခင်အေး(ရွှေဆောင်အော့ဖ်ဆက်)နှင့် MAC မြန်မာ့အလုဆောက်လုပ်ရေးက ငွေကျပ်နှစ်သိန်း၊ စာရေးဆရာဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ)က ငွေကျပ် ၅၀၀၀၀၊ နိုင်စာပေက ငွေကျပ် ၅၀၀၀၀နှင့် လက္ခဏာဆရာကြီး ဒေါက်တာ ဦးစံတင်အောင် (ရွှေဘို)က ငွေကျပ်နှစ်သိန်း တန်ဖိုးရှိ လက်ဆွဲအိတ်နှင့် သုတရသစာအုပ်များ အပါအဝင် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက အမှတ်၅၂၉/၅၃၁ကုန်သည်လမ်းနှင့် ၃၇လမ်းထောင့်ရှိ စာပေဗိမာန် ဒုတိယထပ် ဖုန်း-၃၈၅၂၇၃၊ ၂၅၂၄၁၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ပခုက္ကူမြို့ မြို့ဝင်ဆိုင်းဘုတ် ဆောင်ရွက်ထားမှုကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဒေါ်သန်းသန်းထွေး တို့က ရှင်းလင်းပြသစဉ်။

(မြို့နယ်စည်ပင်)

မြင်းမိုရ်ထက်ကသရဖူဇာတ်ကားသစ် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများ၌ တစ်ပြိုင်တည်းရုံဝင်လာ

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် နိုဝင်ဘာ ၁၆

ဖီးနစ်ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ထပ်ဆင့်အကယ်ဒမီငြိမ်းမင်း၏ ဇာတ်ညွှန်းကို ဒါရိုက်တာသိန်းဟန်(ဖီးနစ်)က ရိုက်ကူးပြီး နေတိုး၊ ထွန်းထွန်း၊ မိုမို့မြင့်အောင်၊ အိန္ဒြာကျော်ဇင်၊ ဇင်ဝိုင်း၊ ဇော်ဦးနှင့် ဗေလုဝတို့ပါဝင်သရုပ်ဆောင်ထားသော မြင်းမိုရ်ထက်က သရဖူ မြန်မာရုပ်ရှင်ဇာတ်ကားသစ် သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံများနှင့် မန္တလေးမြို့မ၊ ဝင်းလိုက် အဆင့်မြင့်ရုံကြီးများတွင် တစ်ပြိုင်တည်းရုံဝင်လာသည်။

မြင်းမိုရ်ထက်က သရဖူ မှာ မိဘမေတ္တာ ဖော်ကျူး ရိုက်ကူးထားသော ရုပ်ရှင်ဇာတ်ကားဖြစ်ပြီး မြန်မာ့မိသားစုလူနေမှုဘဝ သံယောဇဉ် ကြီးမားပုံကို အနုပညာ အခြေခံရိုက်ကူးထားသည်။

ဒါရိုက်တာမိုက်တီးရိုက်ကူးပြီး လွင်မိုး၊ ရာဇာနေဝင်း၊ ခန့်စည်သူ၊ ပြေတီဦး၊ လင်းဇာနည်ဇော်၊ ခိုင်သင်းကြည်၊ မေကဗျာ၊ ဖူးစုံတို့ ပါဝင်သရုပ်ဆောင်ထားသော **ချစ်တော့ချစ်တယ် အလိုမလိုက်ဘူး** ဇာတ်ကား ဝဇီရာ၊ စံပြ၊ ရွှေမန်းနှင့်သီတာရုံများတွင် ဆက်လက်ပြသနေသည်။

ဒါရိုက်တာကျော်ဇောလင်းရိုက်ကူးပြီး မင်းမော်ကွန်း၊ နေမျိုးအောင်၊ ထွန်းအိန္ဒြာဗိုနှင့် မျိုးစန္ဒီကျော်တို့ ပါဝင်သရုပ်ဆောင်ထားသော **ပဥ္စသီလ်**အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကား နဝဒေးနှင့် မဟာမြိုင်ရုံများ၌ ရုံဝင်လာသည်။

Body of Lies ဇာတ်ကားမှ မင်းသား လီယိုနာဒို ဒီကာပရီယို၏ သရုပ်ဆောင်ဟန်။

အိန္ဒိယဇာတ်ကားများ

သိန်းရုပ်ရှင်ထုတ်လုပ်ရေးမှ အင်္ဂလိပ်စာတန်းထိုး **Chalte Chalte**ဇာတ်ကား မြို့လယ်ဘုရင့်ရုံတွင် ရုံဝင်လာသည်။ ယနေ့ ဘောလီးဝုဒ် စူပါစတားရှာရွတ်ခန်နှင့် ရာနီးမူကာဂျီးတို့ ခေါင်းဆောင်ပါဝင်ထားသည်။

မြို့မရုပ်ရှင်ရုံတွင် **Aamir Khan, Ranee Mukherjee, Rajit Kapoor** တို့ ပါဝင်သော**Ghulam** ဇာတ်ကား ရုံဝင်လာသည်။

နိုင်ငံခြားဇာတ်ကား

လီယိုနာဒိုဒီကာပရီယို၊ ရပ်ဆဲခရိုးနှင့် မက်ခ်စထရောင်းတို့ ပါဝင် သရုပ်ဆောင်ထားသော **Body of Lies** ဇာတ်ကား နေပြည်တော်ရုံ၌ ရုံဝင်လာသည်။ ။

မြင်းမိုရ်ထက်ကသရဖူ ဇာတ်ကားမှ နေတိုး၊ ထွန်းထွန်းနှင့်အိန္ဒြာကျော်ဇင်တို့၏ သရုပ်ဆောင်မှု။

(မြန်မာ့အလင်း)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဧရာဝတီတိုင်း သာပေါင်းမြို့နယ်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း စက္ကူနှင့်ပျော့ဖတ်စက်ရုံ(သာပေါင်း)၌ တန်(၅၀)အဆင့်မြင့်စက္ကူစက်ရုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

● **ရှေ့ဖုံးမှ**

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က တန်(၅၀) အဆင့်မြင့် စက္ကူစက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းတို့က စက်ရုံဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် စက်ရုံမှ တာဝန်ရှိသူများနှင့်အတူ စုပေါင်း၍ စက်ရုံမှခ်ဦးရှေ့၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ နေမှုနှင့် စက္ကူမျက်နှာပြင်ကြွေဆေးကော်တင်စက်ဖြင့် ကော်တင်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် တန်(၂၀၀)စက္ကူနှင့်ပျော့ဖတ်စက်ရုံ(သာပေါင်း)အတွင်းပျော့ဖတ်ချပ်နှင့်စက္ကူအကြမ်း ထုတ်လုပ်နေမှု၊ ထုတ်လုပ်ပြီး ပျော့ဖတ်ချပ်နှင့် စက္ကူအကြမ်းများကို ကွန်တိန်နာများအတွင်းသို့ ထည့်သွင်းနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကုန်ကြမ်းဝါးများကို တစ်လက်မအရွယ်ဝါးဖြတ်စများပြုလုပ်နေမှု၊ ဝါးသိုလှောင်ကွင်းအတွင်း ကုန်ကြမ်းဝါးများစုဆောင်းထားရှိမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။ တင်ပို့နိုင်ရေးအတွက် ဝန်တင်စက်ဖြင့် သင်္ဘောပေါ်သို့ တင်နေမှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထုတ်လုပ်မှုတင်ပြ

ထို့နောက် တစ်နေ့တန်(၅၀) အဆင့်မြင့်စက္ကူစက်ရုံ ရှင်းလင်းဆောင်တွင် ဝန်ကြီးဦးအောင်သောင်းက စက်ရုံတည်နေရာ၊ တစ်နေ့တန်(၅၀)အဆင့်မြင့် စက္ကူစက်ရုံ ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်၊ ပြည်တွင်းတွင် တစ်ရက် စက္ကူလိုအပ်ချက်နှင့် ပြည်တွင်းထုတ်လုပ်မှု၊ ပြည်ပမှ တင်သွင်းမှု၊ ထုတ်လုပ်သည့် ကုန်ချောစက္ကူများနှင့် အဓိကကုန်ကြမ်းလိုအပ်မှု၊ ဝန်ထမ်းအင်အားတို့ကို ရှင်းလင်းတင်ပြသည်။

ဖွင့်လှစ်ပေး

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးညွန့်အောင် China Metallurgical (Group) Corporation မှ Vice President Mr. Xu Xiang-chun နှင့် စက္ကူနှင့် ပျော့ဖတ်စက်ရုံ (သာပေါင်း) စက်ရုံစုမှူး ဦးရည်မွန်တို့ တန်(၅၀) အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း)မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

လှည့်လည်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တန်(၅၀) အဆင့်မြင့် စက္ကူစက်ရုံ(သာပေါင်း)အတွင်း ပျော့ဖတ်ဖျော်စက်ဖြင့် ပျော့ဖတ်ပြုလုပ်နေမှု၊ သစ်ပွပျော့ဖတ်ချပ်များ ပြသထားမှု၊ ဓာတုဆေးရည်နမူနာများနှင့် ရောစပ်မှုအချိုးအစားအမျိုးမျိုးဖြင့် ထုတ်လုပ်ထားသော စက္ကူချောနမူနာများ ပြသထားမှု၊ စက်ရုံမှထုတ်လုပ်သော စက္ကူအရည်အသွေးကို မိတ္တူကူးစက်ဖြင့် စမ်းသပ်စစ်ဆေးပြသမှု၊ စက္ကူဖြတ်စက်ဖြင့် A-Series ဆိုက်စက္ကူများ ဖြတ်

ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ငဝန်မြစ်ကမ်းဘေးရှိ စက်ရုံဝါးဆိပ်ကမ်းသို့ ရောက်ရှိလာသည့်ဝါးများကို ဇက်ရေယာဉ်ပေါ်မှ ကားပေါ်သို့ ဝန်တင်စက်ကြီးများဖြင့် တင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံဝါးတင်ဆိပ်ကမ်း၌ ပျော့ဖတ်များ ထည့်သွင်းထားသည့် ကွန်တိန်နာများကို ရန်ကုန်သို့

ရှင်းလင်းတင်ပြ

ယင်းနောက် မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးညွန့်အောင်က တစ်နေ့ တန်(၅၀) အဆင့်မြင့်စက္ကူစက်နှင့် တစ်နေ့တန်(၂၀၀)

ဧရာဝတီတိုင်း သာပေါင်းမြို့နယ်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း တန်(၅၀)အဆင့်မြင့် စက္ကူစက်ရုံ (သာပေါင်း)ကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

17-11 (08).pmd 1 11/17/2008, 2:25 AM

ပျော့ဖတ်စက်ရုံတို့၏ ထုတ်လုပ်မှု နည်းစနစ်များ၊ စက်ပစ္စည်းများအလိုက် လုပ်ငန်းဆောင်ရွက်မှုများ၊ ဝါးကုန်ကြမ်းရရှိမှုနှင့် ဝါးစိုက်ခင်းများ စိုက်ပျိုးမှု၊ သစ်စိုက်ခင်းများ စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

စစ်ဆေးကြပ်မတ်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စက်များအားလုံး စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေး၊ စက်ရုံ၏ ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုး(Operating Ratio) တိုးတက်ကောင်းမွန်ရေး၊ ထုတ်ကုန်အမယ်သစ်များ တိုးချဲ့ထုတ်လုပ်ရေး၊ အသုံးစရိတ်ကို စိစစ်ချွေတာ၍ ကုန်ထုတ်လုပ်မှုစရိတ်(Cost of Production) ကို လျှော့ချသွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်ရေး၊ ထုတ်ကုန်များကို သုံးစွဲသူ စိတ်ကြိုက်ဖြစ်ရန် ထုတ်လုပ်နိုင်ရေးအတွက် Survey လုပ်ပြီး ပြုပြင်ရမည်များကိုပြုပြင်ရေး၊ ဓာတုဗေဒစက်ရုံအမျိုးအစားဖြစ်၍ ပတ်ဝန်းကျင် ညစ်ညမ်းမှု မဖြစ်ရအောင် ကာကွယ်တားဆီးရေးကို စနစ်တကျ အမြဲတမ်းဆောင်ရွက်ရေး၊ သုံးစွဲသော ကုန်ကြမ်း သစ်နှင့်ဝါးများ လုံလောက်စွာရရှိရေးအတွက် သစ်နှင့် ဝါးစိုက်ခင်းများကို စီမံချက်ချပြီး ဆောင်ရွက်ရေးနှင့် စက်ရုံလုံခြုံရေး၊ လူပုဂ္ဂိုလ်လုံခြုံရေး၊ ပစ္စည်းလုံခြုံရေး၊ မီးဘေးလုံခြုံရေး စသည့် စီမံချက်များရေးဆွဲ၍ လုံခြုံရေးကို ဝန်ထမ်းအားလုံး အသိ၊ သတိရှိရေး စစ်ဆေးကြပ်မတ်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

လုပ်ငန်းဆောင်ရွက်

တန်(၅၀)အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)တွင် ဝန်ထမ်းများ လုပ်ငန်း ဆောင်ရွက်နေကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တန် ၂၀၀ စက္ကူနှင့် ပျော့ဖတ်စက်ရုံ (သာပေါင်း)အတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

ဆက်လက်၍ ဝန်ကြီးချုပ်က တရုတ်ပညာရှင်များအား သစ်သီးခြင်းနှင့် လက်ဆောင်ပစ္စည်းကို လည်းကောင်း၊ တရုတ်ကုမ္ပဏီမှ တာဝန်ရှိသူများအား သစ်သီးခြင်းနှင့် လက်ဆောင်များကိုလည်းကောင်း ပေးအပ်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ တန်(၅၀) အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)သည် ဧရာဝတီတိုင်း သာပေါင်းမြို့နယ် လေ့ကြီးတက်ကျေးရွာ၌ တည်ရှိပြီး ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Metallurgical (Group) Corporation နှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့်ဓာတုဗေဒ လုပ်ငန်းတို့ စာချုပ်ချုပ်ဆိုကာ ၂၀၀၅ခုနှစ် မေ၁၄ရက်တွင် အုတ်မြစ်ချတည် ဆောက်ခဲ့ခြင်း ဖြစ်သည်။

ထုတ်လုပ်

စက်ရုံမှ တစ်နေ့တန် ၅၀ကျ အဆင့်မြင့်စက္ကူများ ထုတ်လုပ်လျက်ရှိရာ မြန်နှုန်းမြင့်စက္ကူ၊ မိတ္တူကူး စက္ကူနှင့် ကွန်ပျူတာသုံးပုံနှိပ်စက္ကူ တစ်နေ့လျှင် ၃၅တန်၊ နှစ်ဖက်ချောအဆင့်မြင့်စက္ကူပါးနှင့် ကြွေရောင်စက္ကူ တစ်နေ့လျှင် ၁၅တန်ထုတ်လုပ်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



တန် (၅၀) အဆင့်မြင့် စက္ကူစက်ရုံ (သာပေါင်း)

တန်(၅၀)အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း) သည် ဧရာဝတီတိုင်း သာပေါင်းမြို့နယ် လေ့ကြီးတက်ကျေးရွာ၌ တည်ရှိပြီး ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Metallurgical (Group) Corporation နှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒ လုပ်ငန်းတို့ စာချုပ်ချုပ်ဆိုကာ ၂၀၀၅ခုနှစ် မေ ၁၄ရက်တွင် အုတ်မြစ်ချတည်ဆောက်ခဲ့။

စက်ရုံမှ တစ်နေ့တန် ၅၀ ကျ အဆင့်မြင့်စက္ကူများ ထုတ်လုပ်လျက်ရှိရာ မြန်နှုန်းမြင့်စက္ကူ၊ မိတ္တူကူး စက္ကူနှင့် ကွန်ပျူတာသုံးပုံနှိပ်စက္ကူ တစ်နေ့လျှင် ၃၅ တန်၊ နှစ်ဖက်ချောအဆင့်မြင့်စက္ကူပါးနှင့် ကြွေရောင် စက္ကူတစ်နေ့လျှင် ၁၅ တန်ထုတ်လုပ်လျက်ရှိ။

✳ ကျောဖုံးမှ

မြန်မာ့အလင်းသတင်းအဖွဲ့အား လိုက်လံပို့ဆောင်ပေးသူ ဆည်မြောင်း ဦးစီးဌာန ဦးစီးအရာရှိ ဦးတင်လတ်က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးက ကျေးရွာများ၏လိုအပ်ချက်ကို ဆည်မြောင်းဦးစီးဌာန အနေဖြင့် တစ်ပိုင်တစ်နိုင် ဆောင်ရွက်ပေးရန် မှာကြားချက်အရ ရေအား လျှပ်စစ်ထုတ်လုပ်ရန် တမံတည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း ရှင်းပြခဲ့သည်။ မော်တော်ယာဉ်ကို ခေတ္တရပ်နားကာ ကျေးရွာရေအားလျှပ်စစ် ဓာတ်အား ရရှိရေး လုပ်ငန်းကို ဝင်ရောက်လေ့လာ စေ့ငုမိသည်။

ကူညီဆောင်ရွက်

မြောင်းဦးကျေးရွာသည် မင်းဘူး-စလင်း-စေတုတ္တရာ ကားလမ်းပေါ်တွင် ရှိသည်။ အိမ်ခြေ ၁၃၁လုံး၊ လူဦးရေ ၈၀၀ခန့်ရှိသော ကျေးရွာငယ်လေး ဖြစ်သည်။ မြောင်းဦးကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်မိုးသူနှင့် တွေ့ဆုံခဲ့သည်။ မိုးရွာလျှင် နွားမတောင် တောင်ကုန်းမှ စီးကျလာသော စိမ့်ရေသည် ပေါင်းချောင်းအတိုင်း စီးဆင်းလာခဲ့

စေတုတ္တရာမြို့နယ် မြောင်းဦးကျေးရွာ ရေအားလျှပ်စစ်ရရှိရေးလုပ်ငန်း ဆိုင်းဘုတ်ကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

သည်။ ပေါင်းချောင်းသည် မြောင်းဦးကျေးရွာဘေးမှ စီးဆင်းလာခြင်းဖြစ်၍ ပေါင်းချောင်းကို ကန့်လန့်ဖြတ်ကာ ကွန်ကရစ် တမံပိတ်ပြီး ရေအားထိန်းခြင်းကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈)မှ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည်။

ရေအားလျှပ်စစ်ထုတ်ပေး

တမံအကျယ် ၈၂ပေ၊ တမံအမြင့် ၁၂ပေရှိသည်။ တမံတွင် ရေထိန်းတံခါး အဖွင့်အပိတ်လုပ်ကာ အရှိန်ဖြင့် ရေကိုစီးဆင်းစေသည်။ ရေစီးအရှိန်အဟုန်ဖြင့် ဒလက်ကိုလည်ပတ်စေကာ ၃ကီလိုဝပ် ဒိုင်နမိုနှစ်လုံးဖြင့်ရေအား လျှပ်စစ်ထုတ်လုပ်ပေးခြင်းပင်ဖြစ်သည်။

မုဒိတာပွား

ကျေးရွာ နေအိမ်တိုင်းကို လေးပေမီးချောင်း တစ်ချောင်းစီ ထွန်းညှိဓာတ်အား ပေးနိုင်သည်။ စာသင်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းများသို့ပါ လျှပ်စစ်မီး သွယ်တန်းပေးထားသည်။ မိုးတစ်ကြိမ်ရွာလျှင် စီးဆင်းလာသည့်ရေကို တမံဖြင့်ထိန်းကာ ည၆နာရီခွဲမှ ည၁၀နာရီခွဲအထိ ရေအားလျှပ်စစ်ဖြင့် ခြောက်ရက်မျှ ဓာတ်အားပေးနိုင်သည်ဟု ဆိုပါ၏။ ရရှိလာသည့်အခွင့်အရေးကို တူညီသောစိတ်ဓာတ် ပူးပေါင်းဆောင်ရွက်မှုတို့စွမ်းအားဖြင့် အသုံးချတတ်သည့် မြောင်းဦးကျေးရွာငယ်လေး၏ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မှုကို မုဒိတာပွားရင်း ပခုက္ကူမြို့ဆီသို့ ခရီးဆက်ခဲ့ပါတော့သည်။ ။ **(မြန်မာ့အလင်း)**

စာလုံးပေါင်းသတ်ပုံ ဇာတ်လမ်းကလေးများ

မောင်ခင်မင် (ဓနုဖြူ)

"အေး…မင်းရောက်လာတာ အတော်ပဲ။ မင်းကို ဒီဖိတ်စာတစ်စောင် ပြချင်လို့၊ ကြွေစက္ကူနဲ့ ရွှေစာလုံးနဲ့ ခမ်းခမ်းနားနားရိုက်ထားပြီး ခုတော့ နှမြောစရာ ကောင်းလိုက်တာကွာ"

တစ်ညနေတွင် ငယ်ဆရာတစ်ယောက်၏အိမ်သို့ ကျွန်တော်ရောက်သွားသည်။ ကျွန်တော် ဧည့်ခန်းမှာထိုင်ထိုင်ချင်း ဆရာက ဤသို့ပြောရင်း ဖိတ်စာကတ်ပြားတစ်ခု လှမ်းပေးသည့်အတွက် ယူကြည့်လိုက်ရသည်။

ဆရာမှာ ကျွန်တော် အထက်တန်းကျောင်းသားဘဝက မြန်မာစာသင်ပေးခဲ့သော ဆရာဖြစ်သည်။ တစ်သက်လုံး မြန်မာစာနှင့် မွေ့လျော်ခဲ့သော ပညာရှင်ဖြစ်သည်။ ယခု ဆရာ အသက် ၇၀ကျော်နေပြီဖြစ်သော်လည်း စာဖတ်ရှိန်မကျသေး။ ဆရာက "ခုတော့ နှမြောစရာကောင်းလိုက်တာကွာ" ဟု ပြောသည်ကို ရုတ်တရက်နားမလည်သော်လည်း ဖိတ်စာကိုကြည့်လိုက်တော့ ကျွန်တော် သဘောပေါက်သွားပါပြီ။ ဖိတ်စာမှာ ထိမ်းမြား မင်္ဂလာဖိတ်စာဖြစ်သည်။ မင်္ဂလာအခမ်းအနားကို ဟိုတယ်ကြီးတစ်ခုမှာ ကျင်းပမည်။ ကျင်းပမည့် အချိန်က "နေ့လည် ၂နာရီ" တဲ့။ '**နေ့လယ်**'ဟုရေးရမည်ကို '**နေ့လည်**' ဟု စာလုံးပေါင်းမှားနေသည့်အတွက် ဆရာ 'နှမြော'ခြင်း ဖြစ်ပါသည်။ ဆရာက ဆက်ပြောသည်။

"မင်းကားနဲ့ မြို့တစ်ပတ် ပတ်ကြည့်ပါလား။ နာမည်လှလှကလေးတွေနဲ့ အိမ်ရာစခန်း ဆိုင်းဘုတ်တွေမှာ 'အိမ်ယာ၊ အိမ်ယာ'ဆိုပြီး စာလုံးပေါင်း အမှားကြီးတွေနဲ့ ရေးထားတာ တွေ့ရပါလိမ့်မယ်။ ဆရာတော့ ဆိုင်းဘုတ်တွေ ကြည့်ကြည့်ပြီး စိတ်တိုလာရောကွာ"

တစ်သက်လုံး မြန်မာစာကို အလေးထားလာသော ဆရာ့အနေနှင့် စိတ်တိုမည်ဆိုလျှင်လည်း စိတ်တိုစရာပင်။ အခိုင်အမာ ကမ္ပည်းထိုးသော ထိုစာများ၌ပင် စာလုံးပေါင်းသတ်ပုံ မှားနေသည်ဆိုတော့ အလေးမထားသည့် သဘောရောက်နေပါသည်။

ဆရာ့အိမ်ကပြန်လာပြီး မြန်မာစာအရေးအသားအကြောင်း အတွေးမျှင်တန်းနေမိသည်။ '**စာလုံးပေါင်းသတ်ပုံမှန်ဖို့**' ဆိုသော အချက်သည် မြန်မာစာ ရေးသားရာမှာ အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်ပါသည်။ မြန်မာစာမှာ '**ဘယ်အကြောင်းကိုရေးရင် ဘယ်လို စာလုံးပေါင်းရမယ်**'ဟု သတ်မှတ်ထားသော စည်းကမ်းချက်များ ရှိပါသည်။ ထိုစည်းကမ်းချက်များနှင့်အညီရေးမှ ဆိုလိုသော အဓိပ္ပာယ်ရပါလိမ့်မည်။

ဖြစ်ရပ်ကလေးတစ်ခု ကြားဖူးပါသည်။ တစ်ခါတွင် မိန်းမတစ်ယောက်က ဘုန်းကြီးကျောင်းကို ငါးခြောက်သွားလှူဖို့အတွက် "ကြောင်အိမ်ထဲက ငါးရဲ့ ခြောက်တွေ ထုတ်ထားလိုက်ပါ" ဟု အိမ်မှာရှိသော တူမကလေးဆီကို တစ်နေရာက လူကြုံနှင့် စာရေးပေးလိုက်သည်။ သူအိမ်ပြန်ရောက်တော့ ငါးခြောက်တွေ အပြင်မှာမတွေ့သည့်အတွက် မေးကြည့်သောအခါ တူမလေးက "ငါးခြောက်တွေ ထုပ်ထားလိုက်ပါဆိုလို့ သမီးပလတ်စတစ်အိတ်နဲ့ သေသေချာချာထုပ်ပြီးသိမ်းထားလိုက်ပြီလေ အဒေါ်ရဲ့" ဟု ပြန်ပြောသည်တဲ့။အဒေါ်က ငါးခြောက်တွေအပြင်ကို **ထုတ်**ခိုင်းသည်။ တူမက ပလတ်စတစ်အိတ်နှင့် **ထုပ်**ပြီး သိမ်းလိုက်သည်။ ဇကန္တတော့ တူမကလေးမှာ စာကောင်းကောင်း မတတ်တာလား။ သတ်ပုံ ဂရုမစိုက်တာလား။ တစ်ခုခုတော့ တစ်ခုခုပင်။

ရှေးကပုံပြင်တစ်ပုဒ်ကို ဆက်စပ်သတိရမိပါသည်။ မြန်မာမင်းများ လက်ထက်တွင် မြို့သူကြီးတစ်ယောက်က ရွာသားတစ်ယောက်ကို 'လှည်းတစ်စီးစာ' ထင်းလာပို့ရန် အမိန့်စာပို့သည်။ ဘယ်သူက ရေးလိုက်သည်မသိ။ 'ထင်းတစ်စီး'ပို့ပါဟု ရေးရမည်ကို သတ်ပုံမှားပြီး 'ထင်းတစ်စည်း'ပို့ပါဟု ရေးလိုက်မိသည်။ ထိုအခါ ရွာသားက ထင်းလေးငါးချောင်းကို ကြိုးနှင့်စည်းပြီး လာပို့ပါသည်….တဲ့။

ဆရာမောင်သုတ(ဗိုလ်မှူးဘသောင်း)သည် မြဝတီမဂ္ဂဇင်းတွင် 'မြန်မာစာ မြင့်ချင်လွန်းလို့' ခေါင်းစဉ်ဖြင့် အခန်းတစ်ခန်းဖွင့်ပြီး မြန်မာစာလုံးပေါင်း သတ်ပုံမှန်ကန်ရေးအတွက် လစဉ်အကျယ်တဝင့် ဆွေးနွေးခဲ့ပါသည်။ ဆရာက စာလုံးပေါင်းသတ်ပုံမှားသည့်အတွက် ကြေကွဲဖွယ်ဖြစ်ခဲ့ရသော ဇာတ်လမ်းကလေးတစ်ခုကို ပြောပြဖူးသည်။ တစ်ခါက မိဘ သဘောမတူသော ချစ်သူနှစ်ဦးတို့ မောင်တစ်ရွာ မယ်တစ်မြို့ ဝေးကွာနေရစဉ် မိန်းကလေးက ယောကျ်ားလေးထံသို့ စာတစ်စောင်ပို့လိုက်သည်။ စာထဲမှာ တစ်ယောက်နှင့်တစ်ယောက် 'ပေါင်းရဖို့နီးပါပြီ'ဟုရေးလိုက်သည်။ ယောကျ်ားကလေးမှာစိတ်ပျော့သူဖြစ်ရာ မိန်းကလေးထံမှ စာကိုဖတ်ပြီးပြီးချင်း စိတ်ထိခိုက်ပြီး ကိုယ့်ကိုယ်ကို သတ်သေလိုက်ပါသတဲ့။ ဘာကြောင့်ပါလဲ။ မိန်းကလေးက '**ပေါင်းရဖို့နီးပါပြီ**'ဟု ရေးလိုရင်း ဖြစ်သော်လည်း စာလုံးပေါင်းမှားပြီး 'ပေါင်းရဖို့နည်းပါပြီ'ဟု ရေးလိုက်မိသည့်အတွက် ယောကျ်ားကလေးမှာ ပေါင်းရဖို့ အခွင့်အလမ်း နည်းပါပြီဟု နားလည်ပြီး သတ်သေလိုက်ခြင်း ဖြစ်ပါသည်….တဲ့။ စိတ်ဝင်စားစရာ ဇာတ်လမ်းကလေး တစ်ပုဒ်ပင်။

ယခုပြခဲ့သော သာဓကများက ဘာကိုဖော်ပြနေပါသလဲ။ စာလုံးပေါင်းသတ်ပုံမှားလျှင် အဓိပ္ပာယ်လွဲမှားသွားနိုင်သည် ဆိုသောအချက်ကို ဖော်ပြနေပါသည်။ စာလုံးပေါင်းသတ်ပုံမှားသည့်အတွက် ထိခိုက်နစ်နာစရာ ဆိုးကျိုးများအထိ ကြုံနိုင်ပါသည်။

ထိခိုက်နစ်နာစရာဆိုးကျိုးနှင့် မတွေ့လျှင်တောင်မှ 'အပြင်မှာ ထုတ်ထားရမှာလား'၊ 'အထဲမှာ ထုပ်ထားရမှာလား'ဟူ၍ ဇဝေဇဝါဖြစ်ပြီး အဓိပ္ပာယ် အကောက်အယူ မှားနိုင်ပါသည်။ 'နေ့လယ်'ကို 'နေ့လည်'၊ '**အိမ်ရာ**'ကို '**အိမ်ယာ**'ဟု မှားရေးသည့်အတွက် အဓိပ္ပာယ်အမှန်ကို မသိနိုင်တော့လောက်အောင် အခြေအနေ ဆိုးမသွားသော်လည်း မြန်မာစာလုံးပေါင်းသတ်ပုံ စည်းကမ်းကို ဖောက်ဖျက်သွေဖည်ရာ ရောက်ပါသည်။ အားလုံးလိုက်နာ ကျင့်သုံးရန် သတ်မှတ်ထားသည့် စည်းကမ်းကို မလိုက်နာရာ ကျပါသည်။

"ဒီနေ့ လူငယ်တော်တော်များများဟာ အင်္ဂလိပ်စာရေးရင် 'စပယ်လင်' (Spelling) မှားမှာကို ဂရုစိုက်သလောက် မြန်မာစာ စာလုံးပေါင်းမှားမှာကို ဂရုမစိုက်ကြဘူး" ဆိုသော အသံမျိုးလည်း ကြားရတတ်ပါသည်။

ဘာကြောင့် စာလုံးပေါင်းသတ်ပုံ မှားရပါသလဲ။ အသံတစ်သံကို ဖော်ပြနိုင်သော စာလုံးပေါင်းပုံ တစ်မျိုးမကရှိသော စာလုံးများရေးရာမှာ 'ဟိုလိုစာလုံးပေါင်းရမလား၊ ဒီလိုစာလုံးပေါင်းရမလား'ဟု မသဲမကွဲဖြစ်ပြီး မှားခြင်း ဖြစ်ပါသည်။ 'ခွေး'ဆိုသော စာလုံးကိုရေးလျှင် စာလုံးပေါင်း မှားစရာ အကြောင်းမရှိပါ။ 'ခွေး'ဆိုသော အသံအတွက် စာလုံးပေါင်းပုံတစ်မျိုးတည်းသာ ရှိသောကြောင့်ဖြစ်သည်။ ထို့အတူ 'ငို၊ မူး၊ ပေး'ဆိုသော အရေးများလည်း စာလုံးပေါင်း မမှားနိုင်ပါ။ စာလုံးပေါင်းပုံ တစ်မျိုးစီသာရှိပါသည်။

စာလုံးပေါင်းပုံ တစ်မျိုးမကရှိလျှင်တော့ မှားနိုင်သည့် အခွင့်အလမ်း ရှိပါသည်။ ဘယ်လို စာလုံးမျိုးတွေပါလဲ။ '-ျ(ယပင့်)နှင့်-ြ(ရရစ်)၊ ဥနှင့် ည၊ ဗနှင့် ဘ၊ ယနှင့်ရ၊ -တ် နှင့် -ပ်၊ -န်နှင့် -မ်(-ံ)၊ -င်နှင့်-ဉ်၊-ဦနှင့် -ည်'တို့မှာ စာလုံးပေါင်း သတ်ပုံမှားနိုင်သော စာလုံးများဖြစ်ပါသည်။

စာလုံးပေါင်းသတ်ပုံကွဲသော'စကားလုံးအမှန်'အချို့ကို ယှဉ်ပြပါမည်။ 'ကြော်ငြာ-ကြေညာ၊ ကျူးကျော်-အစားကြူး၊ ဖူးသီး-ဆေးဘူး၊ ယောင်ယမ်း(အသံ)-ရောင်ရမ်း (ဖောရောင်)၊ ခြင်းလုံးခတ်-ရေခပ်၊ ခန်းမ-ခမ်းနား၊ လက်ရွေးစင်-ဖိတ်စဉ်၊ ရင့်ရင့်သီးသီး-သည်းထန်' တို့သည် စာလုံးပေါင်း အမှန်တွေချည်း ဖြစ်ပါသည်။

'**နေ့လယ်**'နှင့်'**နေ့လည်**'မှားပုံမျိုးကတော့'နေ့လည်'ကို '**နေ့လယ်**'ဟု အသံထွက်ရသဖြင့် အသံထွက်ချင်းတူပြီး မှားရခြင်းဖြစ်သည်။ '**လယ်**'က '**အလယ်ကောင်**'၊ '**လည်**'က'**လည်ပတ်သည်**'ဟု ကွဲပြားပါသည်။

စာလုံးပေါင်းသတ်ပုံမှန်အောင် ဘယ်လိုလုပ်ရမလဲ။ စာလုံးပေါင်းသတ်ပုံကိစ္စမှာ ပုံသေနည်းမရှိပါ။ စာလုံးပေါင်းအမှန်တွေကို မျက်စိထဲမှာ၊ စိတ်ထဲမှာ စွဲနေအောင် ဂရုတစိုက်မှတ်သားသောနည်းမှာ အကောင်းဆုံးဖြစ်ပါသည်။ စာလုံးပေါင်းသတ်ပုံ မှန်ဖို့အတွက် ဖော်ပြပါ ဇာတ်လမ်းကလေးတွေလို ဇာတ်လမ်းမျိုးတွေဖန်တီးပြသည့် နည်းကလည်း အထောက်အကူပြုပါသည်။ ဇာတ်လမ်းနှင့် ဆက်စပ်ပြီး စာလုံးပေါင်း သတ်ပုံအမှန်ကိုပါ မှတ်မိသွားနိုင်ပါသည်။ ။

စာလုံးပေါင်းသတ်ပုံမှန်အောင် ဘယ်လိုလုပ်ရမလဲ။ စာလုံးပေါင်း သတ်ပုံကိစ္စမှာ ပုံသေနည်းမရှိပါ။ စာလုံးပေါင်းအမှန်တွေကို မျက်စိထဲမှာ၊ စိတ်ထဲမှာ စွဲနေအောင် ဂရုတစိုက် မှတ်သားသောနည်းမှာ အကောင်းဆုံးဖြစ်ပါသည်။

နို့မှုန့်နှင့် နို့ထွက်ပစ္စည်းများ ဓာတ်ခွဲစမ်းသပ်မှု ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁၆

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် နိုဝင်ဘာ၁၅ရက် နံနက် ၁၁နာရီက ရန်ကုန်မြို့ရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန အစည်းအဝေးခန်းမ၌ နို့မှုန့်နှင့် နို့ထွက်ပစ္စည်းနမူနာများတွင် Melamine ပါဝင်မှုကို Melamine Test Kit ဖြင့် စမ်းသပ်စစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ဆွေးနွေး

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာကျော်လင်းက နို့မှုန့်နှင့် နို့ထွက်ပစ္စည်း နမူနာများတွင် Melamine ပါဝင်မှုကို ဓာတ်ခွဲစမ်းသပ် စစ်ဆေးရာတွင် တစ်ဆင့်ချင်း စစ်ဆေးနေမှုများကို တင်ပြပြီး ကျန်းမာရေးဝန်ကြီးဌာနနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနတို့မှ ပညာရှင်များက ဓာတ်ခွဲစမ်းသပ်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဝန်ကြီးက လိုအပ်ချက်များကိုမှာကြားပြီး အစားအသောက် ဓာတုအရည်အသွေးထိန်း ဓာတ်ခွဲခန်း (Food Chemistry Quality Centre Laboratory)တွင် နို့မှုန့်နမူနာများ စမ်းသပ်စစ်ဆေးနေမှု၊ EUSA ROOM နှင့် အဖြေထုတ်စစ်ဆေးဆုံးဖြတ်ရန် Computer Software များ အသုံးပြုပြီး စစ်ဆေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်ညွှန်ကြားရေးမှူး ရွှေတောင်၌ လမ်းတံတားပြုပြင်မှု ကြည့်ရှုစစ်ဆေး

ရွှေတောင် နိုဝင်ဘာ ၁၆

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် သည် တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ၆ရက်က ရွှေတောင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့သို့ရောက်ရှိပြီး ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လမ်း၊တံတား ပြုပြင်တည်ဆောက်ရေး၊ မြို့သန့်ရှင်းသာယာရေးနှင့် စိမ်းလန်းစိုပြည်ရေး၊ မြို့ရေပေးရေးနှင့် ကျေးလက်သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ယာဉ်/စက်ယန္တရားများ ကြံ့ခိုင်ရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေး၊ အရည်အသွေးပြည့်မီရေး၊ အလေအလွင့်မရှိစေရေး၊ ယာဉ်/စက်ယန္တရားများ အသုံးပြုနိုင်ရေးအတွက် အလေးထားဆောင်ရွက်ရေးနှင့် ဘဏ္ဍာရေးနှစ်တွင် လျာထားသည့်ဝင်ငွေများ၊ ဥပဒေစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ သတ်မှတ်ကာလအတွင်း ပြည့်မီကျော်လွန်အောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ကတ္တရာခင်း

ထို့နောက် ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် ယခုဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်နေသည့် မြို့ပြလမ်းဖြစ်သော ကပ်တန်းလမ်း ထပ်ပိုးကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်စိုးနိုင်တို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ကောင်းမှုတော်-ကံရိုး (ကျေးလက်လမ်း) ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးသန်းလွင် ဆောင်ရွက်ရာသို့ အောက်တိုဘာ ၁၅ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းလွင်စိုး ကြီးကြပ်ပေးစဉ်။

(ခရိုင် ပြန်/ဆက်)

■ *ကျောဖုံးမှ*

သင်္ဘောများအစင်း၄၀ခန့်နစ်မြုပ်ခဲ့ရသည်။ ထိုသို့ နစ်မြုပ်ခဲ့သောသင်္ဘောများကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အနေဖြင့် ဆယ်ယူရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယခုအခါ သင်္ဘောအတော်များများကို ဆယ်ယူပြီးဖြစ်ကြောင်းသိရသဖြင့် မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

"မုန်တိုင်းကြောင့် နစ်မြုပ်ခဲ့တဲ့ သင်္ဘောတွေကို ပြန်လည်ဆယ်ယူနေတာ အခုဆိုရင် သင်္ဘောခြောက်စင်းပဲကျန်တော့တယ်၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် သင်္ဘောတွေ မုန်တိုင်းကြောင့် ကမ်းတင်ခဲ့တာ ၃၂စင်းဖြစ်ပြီး အကုန်ကမ်းပြန်ချနိုင်ခဲ့ပြီ ဖြစ်ပါတယ်၊ အခုနစ်မြုပ်နေတဲ့ ကျန်ရေယာဉ်ခြောက်စင်းကို အဖွဲ့တွေနဲ့ ဆယ်ယူမှုလုပ်ငန်းတွေလုပ်ဆောင်နေပါတယ်"ဟုပြည်တွင်းရေကြောင်း ပို့ဆောင်ရေးမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

"အဖွဲ့ငါးဖွဲ့နဲ့ နေ့တိုင်း ရေယာဉ်ဖော်ယူမှုလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်"

ဦးမြင့်ဆွေ
ရေကြောင်းမှူးချုပ်။

လက်ရှိဖော်ယူမှု ပြုလုပ်နေသည့် ရေယာဉ်ခြောက်စင်းတွင်စက်ရှိသုံးစင်းနှင့် စက်မဲ့သုံးစင်းတို့ဖြစ်သည်။ နစ်မြုပ်ခဲ့သည့် ရေယာဉ်များအနက် ရေယာဉ်၂၁စင်းနှင့် တွဲယာဉ်ရှစ်စင်းဖြစ်ပြီး စုစုပေါင်း၂၉စင်းကို ဆယ်ယူနိုင်ခဲ့ပြီးဖြစ်သည်။ ဖော်ယူပြီး ရေယာဉ်၊ တွဲယာဉ်၂၉စင်းတွင် ဌာနပိုင်ရေယာဉ်တွဲယာဉ်၂၂စင်းနှင့် လေလံတင်ရောင်းချပြီး ရေယာဉ်၊ တွဲယာဉ်၁၂စင်း အနက်မှ ခုနစ်စင်းပါဝင်သည်။

ညှိနှိုင်းဆောင်ရွက်

"လက်ရှိဖော်ယူနေတဲ့ ရေယာဉ်ခြောက်စင်းကတော့ ဒလဆိပ်ကမ်းမှာ နစ်မြုပ်နေတဲ့ကျန်စစ်သား၊ ဖျာပုံဆိပ်ကမ်းမှာ နစ်မြုပ်နေတဲ့မင်းလှ၊ စက်မှုဆိပ်ကမ်းမှာ နစ်မြုပ်နေတဲ့ စောမာလာ၊ သမ္မတကမ်းခြေမှာ နစ်မြုပ်နေတဲ့ ဗ၀၂၇ ဆီတွဲယာဉ်၊ ကျိုက်ထော်မှာ နစ်မြုပ်နေတဲ့ လင်းတနဲ့ သမ္မတကမ်းခြေမှာ နစ်မြုပ်နေတဲ့ ကသ-၀၀၉တွဲယာဉ်တွေပဲဖြစ်ပါတယ်၊ နေ့စဉ်ကျွမ်းကျင်တဲ့ပညာရှင်တွေနဲ့ ညှိနှိုင်းပြီး ဖော်ယူမှုလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်"ဟု ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က ဆက်လက်ရှင်းပြသည်။

နစ်မြုပ်ရေယာဉ်များကို ဖော်ယူသည့် လုပ်ငန်းသည် ခက်ခဲသည့်အပြင် အန္တရာယ်ကြီးမားသည်ဖြစ်ရာ နစ်မြုပ်ရေယာဉ်ဖော်ယူမှုအတွက် ကျွမ်းကျင်သူ ပညာရှင်အဖွဲ့များနှင့် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးက ပံ့ပိုးကူညီမှု၊ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိသည်။

အထူးလိုအပ်

နစ်မြုပ်ရေယာဉ်များအား ဖော်ယူရာတွင် နည်းလမ်းနှစ်ခုဖြင့် ဆောင်ရွက်နေမှုကိုလည်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ အထွေထွေမန်နေဂျာဦးမောင်မောင်လွင်က "နည်းလမ်းနှစ်ခုနဲ့ ရေယာဉ်ဖော်ယူမှုတွေ ဆောင်ရွက်နေပါတယ်။ တိုင်ကီထိုးပြီး ဖော်တဲ့နည်းနဲ့ ကြိုးထိုးပြီး ဖော်ယူတဲ့နည်းဆိုပြီး နှစ်နည်းရှိပါတယ်။ နစ်မြုပ်ရေယာဉ်ထဲမှာ သဲတွေနုန်းတွေကို စုပ်ထုတ်တဲ့အခါ အချိန်ကြာဆုံး လုပ်ကိုင်ရပါတယ်။ နောက်ပြီး ရေငုပ်လုပ်ဆောင်ရတာမို့ အသက်အန္တရာယ်လည်းများတယ်။ ဒါကြောင့်မို့ နစ်မြုပ်ရေယာဉ်တွေ ဖော်ယူတဲ့အခါ တွန်းသင်္ဘော၊ လူအင်အားတွေ လိုအပ်တဲ့အပြင် ရေငုပ်သမားတွေကတော့ အထူးလိုအပ်တာပေါ့၊ တော်ရုံလူတွေ မလုပ်နိုင်ပါဘူး"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

နစ်မြုပ်ရေယာဉ်များကို ဖော်ယူရာတွင် အချိန်ယူ ဆောင်ရွက်ရသလို ကုန်ကျစရိတ်လည်း များကြောင်း သိရသည်။ လူအင်အား လိုအပ်မှုလည်းရှိသည်ဖြစ်ရာ "အရင်နှစ်တွေက မတော်တဆ ဖြစ်ရပ်ကြောင့် တစ်နှစ်ကို တစ်စင်းနှစ်စင်းလောက်ပဲ နစ်မြုပ်တတ်တာပါ။ ဒီနှစ်မှာတော့ မုန်တိုင်းကြောင့် ရေယာဉ်တွေ နစ်မြုပ်ခဲ့ပေမယ့် ကမ်းတင်တဲ့ ရေယာဉ်တွေ အကုန်ကမ်းချနိုင်ခဲ့ပါပြီ။ နစ်မြုပ်ရေယာဉ်တွေကိုလည်း ဖော်ယူရေးအဖွဲ့ငါးဖွဲ့နဲ့ နေ့တိုင်းလုပ်ဆောင်ခဲ့တာမို့ နစ်မြုပ်ရေယာဉ်တွေအဖြစ် ရန်ကုန်မှာ လေးစင်းနဲ့ နယ်မှာနှစ်စင်း စုစုပေါင်း ရေယာဉ်ခြောက်စင်းပဲဖော်ယူဖို့ကျန်တော့တယ်။ ဒီလိုဆောင်ရွက်တဲ့အခါ ကျွန်တော်တို့ရဲ့ ဌာနခွဲတွေဖြစ်တဲ့ ဧရာဝတီဌာနခွဲက ၃၆ဦး၊ ရခိုင်ဌာနခွဲကာ၁၆ဦး၊ သံလွင်ဌာနခွဲမှကိုးဦး၊ ချင်းတွင်းဌာနခွဲက ၁၀ဦးနဲ့ ရန်ကုန်မှာရှိတဲ့ ဝန်ထမ်းအင်အားတွေနဲ့ စုပေါင်းပြီး ကြိုးစား ဆောင်ရွက်ခဲ့တာပါ" ဟု ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေးမှ ရေကြောင်းမှူးချုပ် ဦးမြင့်ဆွေက ရှင်းပြသည်။

မိသားစုစိတ်ဓာတ်

နစ်မြုပ်ရေယာဉ်များ၊ ကမ်းချရေယာဉ်များအတွက် လုပ်ဆောင်ရာတွင် မိသားစုစိတ်ဓာတ်ဖြင့် စုစုစည်းစည်း ညီညွတ်စွာ ကြိုးစားဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ ထိုသို့ ကမ်းချရေယာဉ်များ ဖော်ယူပြီး ရေယာဉ်များကို အင်ဂျင်နီယာဌာနက ဆောင်ရွက်ပေးမှုနှင့် ပတ်သက်၍လည်း "ကမ်းချ ဖော်ယူပြီးတဲ့ ရေယာဉ်တွေကို သင်္ဘောကျင်းတွေပေါ်တင်ပြီး ပြင်ဆင်မှုတွေ ချက်ချင်းပြုလုပ်ပါတယ်။ ကမ်းတင်တဲ့ ရေယာဉ်တွေက ပျက်စီးမှု သိပ်မရှိပေမယ့် နစ်မြုပ်ရေယာဉ်တွေက ပျက်စီးမှုကြီးမားတာမို့ ပြင်ဆင်တဲ့အခါခက်ခက်ခဲခဲ ကြိုးစားပြီး ပြင်ဆင်ရပါတယ်။ သင်္ဘောကျင်းတွေရဲ့ လွန်းလမ်းအားမှုကို ချိန်ဆပြီးတော့ ပြင်ဆင်မှုတွေ လုပ်ဆောင်နေပါတယ်"ဟု ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအင်ဂျင်နီယာဌာနမှ အင်ဂျင်နီယာချုပ် ဦးစိုးမြင့်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

နစ်မြုပ်ရေယာဉ်များကို ဖော်ယူရာတွင် လောလောဆယ်၌ မင်းလှသင်္ဘောနှင့် ကျန်စစ်သား ကူးတို့ရေယာဉ်များကို ဖော်ယူလျက်ရှိနေသည်။ ထိုသို့ ဖော်ယူရာတွင် ဒလဆိပ်ကမ်း၌ နစ်မြုပ်နေသော ကျန်စစ်သား ကူးတို့ရေယာဉ်ကို ဦးတိုးတိုးနှင့်အဖွဲ့က ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဝန်ထမ်းများနှင့် ပူးပေါင်းကာ ဖော်ယူလျက်ရှိသည်။

အချိန်ယူ

ကျန်စစ်သားရေယာဉ်ကို ဖော်ယူနေသည့် ဖော်ယူရေးအဖွဲ့မှ ခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးတိုးတိုးက "ကျန်စစ်သားရေယာဉ်က ဒလဆိပ်ကမ်းဖောရဲ့ ၁၀ပေအကွာမှာ မြစ်ကိုကန့်လန့်အနေအထားနဲ့ နစ်မြုပ်နေတာပါ၊ရေတက်ရေကျရှိတဲ့အပြင် ရေစီးလည်းသန်တာမို့ ဖော်ယူရေးအတွက် အချိန်ယူပြီး လုပ်ဆောင်ရပါတယ်၊ ကျန်စစ်သားရေယာဉ်ရဲ့ ကိုယ်ထည်က ရေအောက်ကြမ်းပြင်အောက် ခြောက်ပေလောက် နစ်မြုပ်နေတာမို့ ကြိုးထိုးစနစ်နဲ့ ဖော်ယူနေပါတယ်၊ ရေကျချိန်မှာ အလုပ်လုပ်လို့ မရပါဘူး၊ ရေတက်ချိန်မှာမှ အလုပ်လုပ်လို့ရတာမို့ တစ်နေ့သုံးနာရီလောက်ပဲ အလုပ်လုပ်လို့ရတဲ့ အခြေအနေမျိုး ဖြစ်ပါတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

"နစ်မြုပ်နေတဲ့လက်ကျန် ရေယာဉ်ခြောက်စင်းကို ဖော်ယူနေပြီ ဖြစ်ပါတယ်"

ဦးစိုးတင့်
ဦးဆောင်ညွှန်ကြားရေးမှူး။

ရေအတက်အကျကွာခြားမှုမှာ ရန်ကုန်မြစ်ရေတက်ချိန် အမြင့်ပေ၆၀ရှိပြီး ရေကျချိန်၌ ပေ၄၀ခန့်သာရှိသဖြင့် ရေ အတက်အကျမှာ ပေ၂၀ နီးပါးခန့်ရှိသည်။

ပထမအဆင့်

"ရေအတက်အကျကို တွက်ချက်ပြီး ကျန်စစ်သားရေယာဉ်ရဲ့ ဝမ်းဗိုက်အောက်က သံမဏိကြိုးတွေ ထိုးသွင်းရပါတယ်၊ ဒီနေရာမှာ အဟန့်အတားတစ်ခုက မုန်တိုင်းကြောင့် ကျန်စစ်သားရေယာဉ်ရဲ့အမိုးက ပျက်ကျပြီး ကိုယ်ထည်ဘေးမှာ ကပ်ကျနေတာမို့ ဦးဆောင်ညွှန်ကြားရေးမှူးကို အကူအညီတောင်းပြီး ရေယာဉ်တွေနဲ့ ဖယ်ရှားခဲ့ရပါတယ်၊ အခုဆိုရင် သံမဏိကြိုးရှစ်ချောင်းစလုံး သွင်းခဲ့ပြီးပြီ ဖြစ်တာမို့ ပထမအဆင့်လုပ်ငန်းတော့ ပြီးသွားပါပြီ၊ ဆက်ပြီး သင်္ဘောဝမ်းဗိုက်ထဲက နုန်းတွေကို စုပ်ထုတ်တဲ့လုပ်ငန်း လုပ်နေပါတယ်" ၎င်းက ဆက်လက်ရှင်းပြသည်။

သင်္ဘောဝမ်းဗိုက်အတွင်း နုန်းတွေကို စုပ်ထုတ်ရာတွင် ရေငုပ်သမားများက ရေအောက်ဆင်းကာ သင်္ဘောဝမ်းဗိုက်အတွင်း သက်စွန့်ဆံဖျားဝင်ရောက်ကာ နုန်းများကိုဖျော်ချပြီး အခြားရေငုပ်သမားတစ်ဦးက နုန်းများစုပ်ထုတ်သည့် ပိုက်ခေါင်းကို ကိုင်ပေးကာ အပေါ်မှစက်က စုပ်ထုတ်ခြင်းဖြစ်သည်။ ကျန်စစ်သားရေယာဉ်မှာ အပေါက် ၁၆ ပေါက်ရှိသဖြင့် ခက်ခဲစွာလုပ်ဆောင်ခဲ့ရသည်။

တွဲသင်္ဘော

"အဲဒီလိုနုန်းတွေထုတ်ပြီးရင် စက်မဲ့တွဲယာဉ်နဲ့ နစ်မြုပ်နေတဲ့ ကျန်စစ်သားရေယာဉ်အပေါ် တည့်တည့်မှာ ရပ်ပြီး ထိုးသွင်းထားတဲ့ သံမဏိကြိုးရှစ်ချောင်းကို ဆွဲတင်ကာ ရေတက်ချိန်မှာ တဖြည်းဖြည်းနဲ့ နစ်မြုပ်ကျန်စစ်သားရေယာဉ်ကို ကြွတက်လာအောင် သယ်မယူရမှာဖြစ်ပါတယ်။ တွဲသင်္ဘောတွေနဲ့ နီးစပ်ရာကမ်းကို ဆွဲလာပြီး ဖော်ယူရမှာ ဖြစ်ပါတယ်။ အခု ကျန်စစ်သားရေယာဉ်ကို ဖော်ယူနေရာ အနည်းဆုံး တစ်လခန့်ကြာမြင့်မှာ ဖြစ်ပါတယ်"ဟု ဦးတိုးတိုးက မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဆက်လက်ပြီး ဖျာပုံဆိပ်ကမ်း၌ နစ်မြုပ်ရေယာဉ်ဖြစ်သည့် မင်းလှရေယာဉ်ကို ဖော်ယူနေသည့် အဖွဲ့ခေါင်းဆောင် ဦးကြီးအောင်ကလည်း "မင်းလှရေယာဉ်က ဖျာပုံဆိပ်ကမ်းနဲ့ ပေ ၅၀ အကွာမှာ နစ်မြုပ်နေတာပါ။ သုံးထပ်သင်္ဘောဖြစ်ပြီး သံထုထည်ကောင်းပြီး အလေးချိန်တန် ၄၈၀လောက်ရှိပါတယ်။ ဒီနစ်မြုပ်ရေယာဉ်ကို ကျွန်တော်တို့ ပီပါထိုးပြီးဖော်တဲ့ နည်းနဲ့ ဆောင်ရွက်နေပါတယ်။ ပထမဆုံး သင်္ဘောအတွင်းမှာရှိနေတဲ့ နုန်းတွေကို စုပ်ထုတ်ပါတယ်။ အဲဒါကိုက တစ်လလောက် အချိန်ကြာပါတယ်။ နုန်းတွေ ရှင်းသွားတဲ့သင်္ဘောအတွင်း ရေငုပ်သမားတွေက ရေမပြည့်တပြည့် ထည့်ထားတဲ့ တိုင်ကီတွေယူပြီး သင်္ဘောဝမ်းဗိုက်အတွင်းမှာ စီပြီးထည့်ရပါတယ်။ ပြီးရင် အဲဒီတိုင်ကီထဲက ရေတွေကို လေထိုးပိုက်ထိုးသွင်းပြီး လေနဲ့ အစားထိုး ဖြည့်ပေးလိုက်တယ်။ အဲဒီလိုလုပ်တာဟာ အချိန်အတော်ကြာကြာ ဆောင်ရွက်ရတာပါ။ ကျွမ်းကျင်တဲ့ ရေငုပ်သမားတွေ လိုအပ်ပါတယ်။ခက်ခဲတာကဆိပ်ကမ်းနဲ့နီးတော့

"တိုင်ကီထိုးပြီး ဖော်ယူတဲ့ စနစ်နဲ့ ကြိုးထိုးပြီး ဖော်ယူတဲ့ စနစ်တွေနဲ့ နစ်မြုပ်ရေယာဉ်တွေ ဆယ်ယူနေပါတယ်"

ဦးမောင်မောင်လွင်
အထွေထွေမန်နေဂျာ။

သင်္ဘောဝမ်းဗိုက်ထဲကို ပလတ်စတစ်တွေ၊ အမှိုက်တွေကအစ အကုန်ဝင်နေတာမို့ ရှင်းထုတ်ရတာ တော်တော်ခက်ပါတယ်။ ပီပါတွေအများကြီးသုံးပြီး ဆောင်ရွက်ရတာပါ"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ပူးပေါင်းဆောင်ရွက်

နစ်မြုပ်ရေယာဉ်များ ဖော်ယူရေးမှာ ခက်ခဲပြီး အန္တရာယ်များလှသည်ဖြစ်ရာ ငွေကုန်ကြေးကျလည်း များလေသည်။ ဖော်ယူရေးအဖွဲ့များသာမက ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ဝန်ထမ်းများကပါ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်မှုကြောင့်လည်း ယခုကဲ့သို့ ခက်ခဲသည့် နစ်မြုပ်ရေယာဉ်များဖော်ယူမှုကိုအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

နစ်မြုပ်ခဲ့သောရေယာဉ်တစ်စင်းအား ဖော်ယူပြီးနောက်တွေ့ရသည့်အနေအထား။



မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် နိုဝင်ဘာ ၁၆

ဝါးခယ်မမြို့နယ်အသင်း အာစရိယပူဇော်ပွဲ

ရန်ကုန်မြို့ရောက် ဝါးခယ်မမြို့နယ်အတွင်းရှိ အထက၊အလက၊အမကကျောင်းများတွင် ပညာသင်ကြားပေးခဲ့ကြသော အသက် ၆၅နှစ်နှင့် အထက် သက်ပြည့်အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား (၁၄)ကြိမ်မြောက် ပူဇော်ကန်တော့ပွဲကို ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) အသင်းတိုက်အမှတ် ၁၂(ပထမထပ်) စဉ့်အိုးတန်းလမ်းတွင် နိုဝင်ဘာ ၃၀ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။

— — — — — — —

တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းစည်းဝေးမည်

မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကု ဆရာဝန်များအသင်း၏ ၂၀၀၈ခုနှစ် နှစ်ပတ်လည် အစည်းအဝေးကို နိုဝင်ဘာ ၂၃ ရက်နှင့် ၂၄ရက်တို့တွင် နေပြည်တော်ပျဉ်းမနားရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌ ကျင်းပမည်ဖြစ်သည်။

— — — — — — —

အထက(၂)ကြည့်မြင်တိုင် အာစရိယပူဇော်ပွဲ

အထက(၂)ကြည့်မြင်တိုင် (ဟုမ်းလမ်း၊ထီးတန်း)၌ ၁၉၅၁ခုနှစ်မှ ၁၉၈၁ခုနှစ်အတွင်း ပညာသင်ကြားပို့ချခဲ့ပြီး အောက်တိုဘာ ၃၁ရက်အထိ အသက် (၆၀)ပြည့် အငြိမ်းစားယူခဲ့ကြပြီးဖြစ်သော ဆရာကြီး ဆရာမကြီးများအား အကြိမ်(၂၀)မြောက် အာစရိယပူဇော်ပွဲနှင့် ထူးချွန်ကျောင်းသား ကျောင်းသူဟောင်းများ ဂုဏ်ပြုပွဲကို နိုဝင်ဘာ ၂၂ရက်(စနေနေ့) နံနက် ၁၀နာရီခွဲတွင် ယင်းကျောင်း၌ ကျင်းပမည်ဖြစ်သည်။

— — — — — — —

ကိုရီးယားစကားပြောပြိုင်ပွဲကျင်းပမည်

ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ ဆဋ္ဌမအကြိမ် ကိုရီးယားစကားပြောပြိုင်ပွဲကို ဒီဇင်ဘာ ၁၂ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် Grand Ballroom ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ဆက်သွယ်မေးမြန်းလိုပါက ဖုန်း-၅၂၇၁၄၂ နှင့် ၅၂၇၁၄၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

— — — — — — —

အထက(၁)အင်းစိန် အာစရိယပူဇော်ပွဲ

ယခင်အစိုးရတန်းမြင့်ကျောင်းမှ ကျောင်းသား ကျောင်းသူဟောင်းများအပါအဝင် အထက(၁)အင်းစိန်၏ ကျောင်းသား ကျောင်းသူဟောင်းများ စုပေါင်း၍ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ၂၁ရက်(တနင်္ဂနွေနေ့)တွင် အထက(၁)အင်းစိန်ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

— — — — — — —

Mandalay FM အချိန်တိုးချဲ့ထုတ်လွှင့်မည်

Mandalay FM ရေဒီယိုကို ၂၀၀၈ခုနှစ် ဧပြီ ၃ရက်မှ စတင်စမ်းသပ်ထုတ်လွှင့်ခဲ့ပြီး စမ်းသပ်ထုတ်လွှင့်စဉ်ကာလတွင် ငါးနာရီစာ အစီအစဉ်များကို ထုတ်လုပ်၍ နေ့စဉ် နံနက် ၅ နာရီခွဲမှ ည ၈ နာရီခွဲအထိ တစ်နေ့လျှင် ၁၅နာရီကြာ ထုတ်လွှင့်လျက်ရှိသည်။

စမ်းသပ်ထုတ်လွှင့်ချိန်များအတွင်း အစီအစဉ်များ ကောင်းမွန်ရေးကို အထူးဦးစားပေးဆောင်ရွက်ခဲ့ပြီး စီးပွားရေးကြော်ငြာများကို ထည့်သွင်းခြင်း မပြုလုပ်နိုင်ခဲ့ကြောင်း၊ ယခုအခါ Mandalay FM ရေဒီယို အသံထုတ်လွှင့်မှုအချိန်ကို နိုဝင်ဘာ၁၈ရက် (အင်္ဂါနေ့)မှစ၍ နံနက် ၅ နာရီမှ ည ၁၁ နာရီအထိ နေ့စဉ် ၁၈နာရီ ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

— — — — — — —

ကျောင်းကုန်းမြို့နယ်အသင်း သက်ကြီးပူဇော်ပွဲ

ကျောင်းကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ (၂၆)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ၇ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီအထိ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ကြားတောရလမ်း အမှတ် ၂၁/၄၃(စီ) ရောဝတီတိုင်းမွှောရုံ၌ ကျင်းပမည်ဖြစ်သည်။

— — — — — — —

စက်မှု(၁)အထူးဈေးရောင်းပွဲတော်

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ၁၅ရက် နံနက်၈နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဘောဘောလုံးအားကစားကွင်း၌ ကျင်းပသည်။

— — — — — — —

ဗိသုကာအသင်း နှစ်ပတ်လည်အစည်းအဝေး

မြန်မာနိုင်ငံ ဗိသုကာများအသင်း၏ ၂၀၀၈ခုနှစ် သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို နိုဝင်ဘာ၂၂ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံစုဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ-အထက်မင်းလှညွန့်အောင်

အင်အားအသင့်အတင့်ငလျင်လှုပ်

နေပြည်တော် နိုဝင်ဘာ ၁၆

ယနေ့မြန်မာစံတော်ချိန် ၁၈ နာရီ ၅၀ မိနစ် ၃၅ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၅၀၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၇ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်သွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။

(သတင်းစဉ်)

Grand Royal ပြိုင်ပွဲ မြန်မာနှင့်မလေးရှား အကြိုဗိုလ်လုပွဲ၌တွေ့ အူလ်ဆန်ဟွန်ဒိုင်းအသင်း အင်ဒိုနီးရှားနှင့် ယှဉ်ပြိုင်ကစားရမည်

သတင်းမြင်ကွင်း - ဖိုးသော်ဇင် ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး (မြန်မာ့အလင်း)၊ စာမျက်နှာဖွဲ့စည်းမှု - ညဏ်ဟိန်းစိုး



ရန်ကုန် နိုဝင်ဘာ ၁၆

တတိယအကြိမ် Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲ အုပ်စု နောက်ဆုံးပွဲဖြစ်တဲ့ (ခ)အုပ်စု အူလ်ဆန်ဟွန်ဒိုင်း ကလပ်အသင်းနဲ့ ဗီယက်နမ် အိုလံပစ်အသင်းတို့ ယနေ့ ညနေ၃နာရီခွဲက သုဝဏ္ဏဘောလုံးကွင်းမှာ ဆက်လက်ယှဉ်ပြိုင် ကစားခဲ့ကြပါတယ်။ အူလ်ဆန်ဟွန်ဒိုင်းအသင်းက လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိပြီး အုပ်စုပထမနဲ့ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပါတယ်။

အူလ်ဆန်ဟွန်ဒိုင်း ကလပ်အသင်း - လေးဂိုး။
ဗီယက်နမ် အိုလံပစ်အသင်း - တစ်ဂိုး။

အထူးကြိုးစား

ပွဲဦးထွက်ပွဲစဉ်တွေမှာ အမှတ်ပြည့် မရရှိခဲ့တဲ့ အူလ်ဆန်ဟွန်ဒိုင်းအသင်းနဲ့ ဗီယက်နမ်အိုလံပစ်တို့ အုပ်စုတက်ရေး အဆုံးအဖြတ်ပွဲ ကစားရတာ ဖြစ်ပါတယ်။ အူလ်ဆန်ဟွန်ဒိုင်းအသင်းကတော့ အုပ်စုတက်ဖို့အတွက် သရေအထိ လက်ခံပေမယ့် အနိုင်ရမှ အုပ်စုတက်မယ်။ ဗီယက်နမ်အိုလံပစ်အသင်းကတော့ အမှားမခံဘဲ ကစားသွားခဲ့ပါတယ်။ ဗီယက်နမ်အသင်းဟာ ပထမပိုင်း ၄၅မိနစ်တောင့်ခံနိုင်ခဲ့ပေမယ့် ဒုတိယပိုင်းမှာ ဂိုးတွေ ဆက်တိုက်ပေးရပြီး ဂိုးပြတ်ရှုံးနိမ့်ကာ မာဒေးကား ချန်ပီယံတို့ အိမ်ပြန် မျက်နှာပန်းမလှ ဖြစ်သွားရပါတယ်။ အူလ်ဆန်ဟွန်ဒိုင်းအသင်းကတော့ အနိုင်ရရုံသာမဟုတ်ဘဲ အုပ်စုပထမနေရာရပြီး အကြိုဗိုလ်လုပွဲမှာ အိမ်ရှင်မြန်မာကို ရှောင်နိုင်ဖို့အတွက် ဂိုးပြတ်အနိုင်ရဖို့ အထူးကြိုးစားသွားခဲ့ပါတယ်။ မိနစ်၉၀အထိ ဟွန်ဒိုင်းအသင်းဟာ သုံးဂိုး-တစ်ဂိုးနဲ့သာ အနိုင်ရနေပေမယ့် အုပ်စုပထမရစေမယ့် အနိုင်ဂိုးတစ်ဂိုးကို ထပ်ဆောင်းဖြည့်ပေးချိန်မှာ သွင်းယူနိုင်ခဲ့လို့ ရည်မှန်းချက်တွေ မှန်ကန်ခဲ့တာဖြစ်ပါတယ်။

ဖိကစား

ပထမပိုင်းတစ်ပိုင်းလုံး အူလ်ဆန်ဟွန်ဒိုင်းအသင်းက ခြေအသာနဲ့ ဖိကစားနိုင်ခဲ့ပေမယ့် ဂိုးရအောင်တော့ မစွမ်းဆောင်နိုင်ခဲ့ပါဘူး။ ဗီယက်နမ်အိုလံပစ်အသင်းရဲ့ ခံစစ်ကစားပုံကောင်းတာကြောင့်လည်း ဟွန်ဒိုင်းအသင်း လွယ်လွယ်ကူကူနဲ့ မထိုးဖောက်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ဗီယက်နမ်အသင်းဟာ ခြေစွမ်းအရ ကွာခြားတဲ့ အူလ်ဆန်ဟွန်ဒိုင်းအသင်းကို တန်ပြန်တိုက်စစ်နဲ့သာ ရင်ဆိုင်ခဲ့ပါတယ်။ ၃၇မိနစ်မှာ တိုက်စစ်မှူး နံပါတ်-၉ ဟွမ်ဒင်တောင် အပိုင်အခွင့်အရေး ရပေမယ့် အသုံးမချနိုင်ခဲ့လို့ ဗီယက်နမ်အသင်း နစ်နာခဲ့ရပါတယ်။ ၃၉မိနစ်မှာ ဟွန်ဒိုင်းက ကင်ချိုင်ဘေးရဲ့ အဝေးက ကန်သွင်းချက် တိုင်ထိထွက်သွားခဲ့တာကြောင့် ပထမပိုင်းမှာ ဂိုးမရှိ သရေကျနေပါတယ်။

“မြန်မာနဲ့ အကြိုဗိုလ်လုပွဲမှာ မတွေ့ချင်လို့ ဗီယက်နမ်ကို ဂိုးပြတ်အနိုင်ကစားတာပါ” ကင်ဟွန်ဆောင် အူလ်ဆန်ဟွန်ဒိုင်း (နည်းပြ)

ဒုတိယဂိုး

ဒုတိယပိုင်းမှာတော့ အူလ်ဆန်ဟွန်ဒိုင်းအသင်းက ဂိုးရဖို့ တိုက်စစ်အားမြှင့်တင်လာခဲ့ပါတယ်။ ၄၇မိနစ်မှာတော့ ဟွန်ဒိုင်းအသင်း ဖွေဆော်ဦးဂိုး ရရှိသွားပြီး အလယ်ကြောကနေ ထိုးဖောက်ပြီး နံပါတ် ၁၆ လီဂျင်ဟိုက သွင်းယူခဲ့တာဖြစ်ပါတယ်။ ဆက်တိုက်ဆိုသလို ဟွန်ဒိုင်းအသင်းက ဖိကစားခဲ့ပြီး ၅၈မိနစ်မှာ နံပါတ်၁၂ ကင်ဆောင်မင်က တစ်ကိုယ်တော် ဆွဲပြေးပြီး ဘီးကုပ်ထိပ်ကနေ လှလှပပ ကန်သွင်းယူခဲ့လို့ ဟွန်ဒိုင်းအသင်း ဒုတိယဂိုး ထပ်မံရရှိသွားပါတယ်။

ပျော်မြူး

အုပ်စုပထမနေရာရဖို့အတွက် လေးဂိုးသွင်းဖို့လိုနေတဲ့ ဟွန်ဒိုင်းအသင်းဟာ တိုက်စစ်ကို ပိုမိုအရှိန်မြှင့်လာပါတယ်။

“အသင်းကောင်းတွေနဲ့ ကစားရလို့ အတွေ့အကြုံရပါတယ်” မိုင်ဒူချောင် ဗီယက်နမ် (နည်းပြ)

၆၈မိနစ်မှာ ကွင်းလယ်လူ ကင်ချိုင်ဘေးက ဗီယက်နမ် နောက်ခံလူကို လိမ်ခေါက်ပြီး ဟွန်ဒိုင်းအသင်းအတွက် တတိယဂိုး ထပ်မံသွင်းယူသွားပါတယ်။ ဂိုးပြတ်ရှုံးနိမ့်ပေမယ့် ဗီယက်နမ်အသင်းကတော့ စိတ်ဓာတ်မကျဘဲ ချေပဂိုးရဖို့ ကြိုးစားလာပါတယ်၊ မိနစ်၈၀မှာတော့ ဗီယက်နမ်အသင်း နှစ်သိမ့်ဂိုး တစ်ဂိုး ရသွားပြီး နံပါတ်၈ ဟွန်ဟတ်နမ်က ဂိုးသမားကိုကျော်ပြီး သွင်းယူခဲ့ပါတယ်၊ အဲဒီဂိုးကတော့ ဟွန်ဒိုင်းအသင်းကို အခက်တွေ့သွားစေပြီး ဟွန်ဒိုင်းအသင်း နောက်ထပ် ဂိုးရဖို့ ကြိုးစားရပါတယ်၊ ဗီယက်နမ်အသင်းဟာ အနိုင်ရဖို့မရှိပေမယ့် ဟွန်ဒိုင်းအသင်းအုပ်စုပထမ မရဖို့ ဖျက်မြင်းလုပ်ဖို့ ကြိုးစားခဲ့ပါတယ်၊ နာကျင်ချိန်အတွက် ထပ်ဆောင်းဖြည့်ဆည်းပေးချိန်မှာတော့ ဟွန်ဒိုင်းအသင်း ကံကောင်းသွားပြီး Counter ကနေတစ်ဆင့် နံပါတ်၂ ပတ်ယောင်ဆွတ်က ဆွဲပြေးပြီး စတုတ္ထအနိုင်ဂိုး သွင်းယူသွားပါတယ်။ လေးဂိုး-တစ်ဂိုးနဲ့ နိုင်သွားလို့ ဟွန်ဒိုင်းအသင်း ပျော်မြူးနိုင်ခဲ့ပေမယ့် မပျော်နိုင်သူကတော့ အကြိုဗိုလ်လုပွဲမှာ အိမ်ရှင်မြန်မာနဲ့ မတွေ့ချင်တဲ့ ဆာသီယာနသန်ရဲ့ မလေးရှားအသင်းပဲ ဖြစ်ပါလိမ့်မယ်။

ဆုကြေး

ပွဲအပြီးမှာတော့ အကောင်းဆုံးဆုရ အူလ်ဆန်ဟွန်ဒိုင်းအသင်းမှ ကင်ချိုင်ဘေးကို Myanmar Distribution Group Co., Ltd. (Calsome ကွေကာ) မှ Sales & Consultant ဦးမင်းတလညဏ်က ဆုကြေး အမေရိကန်ဒေါ်လာ ၂၀၀ ပေးအပ်ချီးမြှင့်ခဲ့ပါတယ်။

အုပ်စုပထမ

(ခ)အုပ်စုပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ အူလ်ဆန်ဟွန်ဒိုင်းအသင်းနှင့် မလေးရှားအသင်းတို့ တစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် လေးမှတ်စီ ရရှိကြပေမယ့် သွင်းဂိုး ပိုများတဲ့ အူလ်ဆန်ဟွန်ဒိုင်းက အုပ်စုပထမ ရရှိသွားပြီး မလေးရှားက အုပ်စုဒုတိယသာရရှိခဲ့ပါတယ်။ မာဒေးကား ချန်ပီယံ ဗီယက်နမ်အိုလံပစ်အသင်းကတော့ နှစ်ပွဲစလုံး ရှုံးပြီး အိမ်ပြန်စောခဲ့ပါတယ်။

ကစားပုံ ပိုကောင်း

အူလ်ဆန်ဟွန်ဒိုင်းအသင်း နည်းပြ ကင်ဟွန်ဆောင်က **“ပထမပိုင်းမှာ ရာသီဉတုက သိပ်ပူလို့ ကျွန်တော်တို့ စိတ်ကြိုက် မကစားနိုင်ခဲ့ပါဘူး။ ဒုတိယပိုင်းမှာ ကျွန်တော်တို့ကစားပုံ ပိုကောင်းလာတာကလည်း ရာသီဉတု အေးသွားလို့ပါ။ ဗီယက်နမ်ကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရအောင်ကစားတာကလည်း အကြိုဗိုလ်လုပွဲမှာ မြန်မာနဲ့ မတွေ့ချင်လို့ပါ။ မြန်မာထက်စာရင် အင်ဒိုနီးရှားနဲ့ ကစားရတာ ကျွန်တော်တို့အတွက် ပိုကောင်းပါတယ်။ ဗိုလ်လုပွဲကျရင်တော့ မြန်မာအသင်းနဲ့ ကစားချင်ပါတယ်”** လို့ ပြောကြားခဲ့ပါတယ်။

အတွေ့အကြုံ

ဗီယက်နမ်အိုလံပစ်အသင်း နည်းပြ မိုင်ဒူချောင်က **“ပထမပိုင်းမှာ ကစားပုံကောင်းခဲ့ပေမယ့် ဒုတိယပိုင်းမှာတော့ အင်အားချင်း ကွာသွားလို့ ဂိုးတွေ ဆက်တိုက်ပေးခဲ့ရတယ်။ မာဒေးကားပြိုင်ပွဲတုန်းက ကျွန်တော်တို့ ချန်ပီယံ ဖြစ်ခဲ့ပေမယ့်အခုပြိုင်ပွဲအတွက် ပြင်ဆင်ချိန် သိပ်မရသလို ကစားသမားတွေကလည်း ပွဲပန်းနေပါတယ်။ ဘာပဲဖြစ်ဖြစ် အသင်းကောင်းတွေနဲ့ ကစားရလို့ အတွေ့အကြုံ အများကြီးရပါတယ်”** လို့ ပြောကြားသွားခဲ့ပါတယ်။

အကြိုဗိုလ်လုပွဲ

အကြိုဗိုလ်လုပွဲပွဲစဉ်များကို နိုဝင်ဘာ ၁၈၊၁၉ရက် ညနေ၃နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပထမအကြိုဗိုလ်လုပွဲအဖြစ် နိုဝင်ဘာ၁၈ရက်တွင် မြန်မာနဲ့ မလေးရှား၊ ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် နိုဝင်ဘာ၁၉ရက်တွင် အူလ်ဆန်ဟွန်ဒိုင်းနဲ့ အင်ဒိုနီးရှားတို့ ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။ ။ **(မြန်မာ့အလင်း)**

ယနေ့ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဘောလုံးသမားဆုရ Korea အသင်းမှ နံပါတ် ၇ Kim Cheol Bae အား ဦးမင်းတလညဏ်က ဆုချီးမြှင့်စဉ်။
(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၇-၁၁-၂၀၀၈ ရက် (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်၊ - ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
- ၇း၃၀ ၂။ နံနက်ခင်းသတင်း
- ၇း၄၀ ၃။ ချစ်စရာအရွယ်ကကြိုးသွယ်
- ၇း၅၀ ၄။ အတီးပြိုင်ပွဲ
- ၈း၀၀ ၅။ မြန်မာစာမြန်မာစကား
- ၈း၁၅ ၆။ တေးဂီတအစီအစဉ်
- ၈း၃၀ ၇။ International News
- ၉း၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အကပြိုင်ပွဲ
- ၄း၁၅ ၃။ **စက်မှုတပ်ဆင်လုပ်ငန်းတွင်** မင်းမော်ကွန်း၊ ဇင်ပိုင်း၊ မိုမို့မြင့်အောင် (ဒါရိုက်တာ-ဝင်းထွန်းထွန်း)
- ၄း၂၀ ၄။ နားဝင်ပီယံသူ့လက်သံ
- ၄း၃၅ ၅။ အကပဒေသာ
- ၄း၄၅ ၆။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခြင်း)
- ၅း၀၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၅း၁၀ ၈။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ)
- ၅း၁၀ ၉။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၃၅ ၁၀။ အဆိုပြိုင်ပွဲ
- ၅း၄၀ ၁၁။ တေးဂီတအစီအစဉ်
- ၆း၀၀ ၁၂။ ညနေခင်းသတင်း
- ၆း၃၀ ၁၃။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၄။ အလှရှာမယ် လှကမ္ဘာဝယ်
- ၇း၀၀ ၁၅။ သူရွေးသီရာတေးကဗျာ
- ၇း၁၅ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **စူပါမင်းနှင့်မာနရှင်** (အပိုင်း-၇)
- ၈း၀၀ ၁၇။ ပြည်တွင်းသတင်း ၁၈။ နိုင်ငံတကာသတင်းများ ၁၉။ မိုးလေဝသအခြေအနေ ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **မြင့်မြတ်နှလုံးသားပိုင်ရှင်** (အပိုင်း-၁) ၂၀။ အစီအစဉ်ပြီး၏။

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

သံထည်အလုပ်ရုံ စက်မှုဇုန်သို့ ပြောင်းပေးစေချင်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် ရန်ကုန်-အင်းစိန်လမ်းမကြီးနှင့် ပေါ်တော်မူ(၁)လမ်းထိပ်ရှိ သံထည်အလုပ်ရုံသည် တံတားသံပေါင်၊ သံထည်ပစ္စည်း အဟောင်းများကို ထုရိုက်ပြီး သံပြားများကို ဂက်(စ်)အိုးကာဘိုက်၊ လေအိုးကာတာများဖြင့် နေ့စဉ် နံနက် ၈နာရီမှ ညနေ ၆နာရီအထိ ဖြတ်တောက်လျက်ရှိရာ ရိုက်နှက်သံများ၊ အညှော်နံ့များကို အနီးဝန်းကျင်နေထိုင်ကြသူများ နေ့စဉ်နှင့်အမျှ နားမခံသာခံစားရခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်ရခြင်း၊ ကျန်းမာရေးချို့တဲ့အောင် အနံ့အသက်များ ခံစားရခြင်းတို့ကြောင့် သံထည်အလုပ်ရုံကို သင့်လျော်ရာ စက်မှုဇုန်သို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

နားမခံနိုင်သူ

ရထားလမ်းဘေးက ပျံကျဈေးသည် ဖယ်ရှားပေးပါ

စာတည်းရှင့်-

အလုံမြို့နယ် ရောဝတီရပ်ကွက် ကမ်းနားလမ်း သခင်မြပန်းခြံအနီးရှိ ရွာသစ်ချောင်း ကားဝင်းရှေ့ ရထားလမ်းပေါ်တွင် ပျံကျဈေးသည်များ စည်းကမ်းမဲ့ ရောင်းချနေလျက်ရှိရာ ၄င်းတို့၏ ဈေးဗန်းများကို ရှောင်တိမ်းနေရသဖြင့် အန္တရာယ်ကြီးမားသည့်အတွက် ၄င်းပျံကျဈေးသည်များအား ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

အန္တရာယ်ကင်းစေလိုသူ

ယာဉ်တိုက်မှုကင်းဝေးရေး ဆောင်ရွက်ပေးပါ

စာတည်းခင်ဗျား-

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်အတွင်း၌ မော်တော်ဆိုင်ကယ်မောင်းနှင်သူအချို့သည် ယာဉ်စည်းကမ်းများကို လိုက်နာမှုမရှိဘဲ မဆင်မခြင် စည်းကမ်းမဲ့ မောင်းနှင်မှုကြောင့် မကြာခဏ ယာဉ်တိုက်မှုများ ဖြစ်ပွားလျက်ရှိပါ၍ သက်ဆိုင်ရာမှ ကြပ်မတ်ထိန်းသိမ်းပေးပါရန် တင်ပြအပ်ပါသည်။

မိုင်းဖြတ်သား

စည်းကမ်းမဲ့ အမှိုက်များကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ပုဇွန်တောင်မြို့နယ် အမှတ်(၂)ရပ်ကွက် ၅၆လမ်း တိုက်အမှတ်၂၀တွင် နေထိုင်ကြသော လူအများစုသည် နောက်ဖေးလမ်းကြားသို့ အမှိုက်များ နေ့စဉ်လိုလို စည်းကမ်းမဲ့ စွန့်ပစ်ကြသည့်အပြင် အိမ်နောက်ဘက် ရေဆိုးပိုက်များမှာလည်း မြင်မကောင်းအောင် ပျက်စီးနေပြီး အနံ့ဆိုးများ ထွက်ပေါ်နေသဖြင့် ကျန်းမာရေး ထိခိုက်ရပါ၍ လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ပုဇွန်တောင်သား

ဆေးမှုတ်လုပ်ငန်း ပြောင်းရွှေ့ပေးစေလို

စာတည်းခင်ဗျား-

ပဲခူးမြို့ လိပ်ပြာကန်ရပ်ကွက် မင်းလမ်း နာရီစင်ပန်းခြံအနီး စက်ဘီးအရောင်းဆိုင်၌ ဆေးမှုတ်ခြင်းလုပ်ငန်းကို နံနက်ဆိုင်ဖွင့်ချိန်မှ ည၉ နာရီ ၁၀နာရီခန့်အထိ ပြုလုပ်လျက်ရှိရာ အနီးပတ်ဝန်းကျင်ရှိသူများ ဆေးနံ့ဆိုးများနေ့စဉ်ရှူရှိုက်နေရပါသဖြင့် ကျန်းမာရေးထိခိုက်နေရပါသည်။

သို့ဖြစ်ပါ၍ ၄င်းဆေးမှုတ်ခြင်းလုပ်ငန်းအား သက်ဆိုင်ရာမှသင့်လျော်သောနေရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

ပဲခူးသား

ခွေးလေခွေးလွင့်များ ရှင်းလင်းပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် မိချောင်းကန်အပိုင်း(၃) ဝေဇယန္တာလမ်းနှင့် ခိုင်မာလာလမ်းထောင့် တောင်ဥက္ကလာပ အခွန်ရုံးဝင်းအနီးရှိ ခွေးလေ ခွေးလွင့်များသည် လမ်းသွားလမ်းလာများအား အန္တရာယ်ပြုပါသဖြင့် ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ခွေးရူးအန္တရာယ်စိုးရိမ်သူ

ကျန်းမာရေးထိခိုက်မှု ဆောင်ရွက်ပြီးစီး

၃-၁၁-၂၀၀၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ညောင်တုန်းမြို့ အမှတ် ၄ရပ်ကွက် သခင်လမ်းတွင် ကြက်မွေးမြူရေးခြံမှ အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်**ပေးစာနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးပါကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အင်္ဂလန်ဘောလုံးကြယ်ပွင့် ဒေးဗစ်ဘက်ခမ်း ဂျာမနီနှင့် ခြေစမ်းပွဲ၌ ပါဝင်ကစားရဖွယ်ရှိ

လန်ဒန် နိုဝင်ဘာ ၁၆

အင်္ဂလန်ဘောလုံးကြယ်ပွင့် ဒေးဗစ်ဘက်ခမ်းသည် နိုဝင်ဘာ ၁၉ရက်၌ ဂျာမနီလက်ရွေးစင်အသင်းနှင့် ချစ်ကြည်ရေး ခြေစမ်းပွဲတွင် အသင်းခေါင်းဆောင်အဖြစ် ပါဝင်ကစားခွင့်ရဖွယ်ရှိပြီး ကစားရခဲ့ပါက ဘော်ဘီမိုးရီ၏ အင်္ဂလန်လက်ရွေးစင်အသင်းတွင် ပါဝင်ကစားခဲ့သည့် ပွဲစဉ်အရေအတွက် ၁၀၈ပွဲနှင့် ညီမျှသွားမည်ဟုဆိုသည်။

ထွက်ခွာဖွယ်မရှိ

အသက် ၃၃နှစ်ရှိ လော့စ်အိန်ဂျလိစ် ဂလက်ဆီကွင်းလယ်ကစားသမား ဒေးဗစ်ဘက်ခမ်း(**ဝဲပုံ**)သည် မေဂျာလိဂ်ဘောလုံးပြိုင်ပွဲပြီးဆုံးခဲ့သည့် အောက်တိုဘာ ၂၆ရက်ကတည်းက ဘောလုံးကစားခဲ့ရခြင်း မရှိသေးပေ။ သို့သော်လည်း ဘက်ခမ်းသည် ယင်းပွဲစဉ်တွင် လက်ရွေးစင်အဖြစ် ရွေးချယ်ခြင်းမခံခဲ့ရသည့်တိုင်အောင် အင်္ဂလန်လက်ရွေးစင်အသင်းမှ ထွက်ခွာဖွယ်မရှိကြောင်း သတင်း၌ဖော်ပြသည်။

ပါဝင်ကစား

ဘက်ခမ်းသည် ၂၀၀၁ခုနှစ်က မြူးနစ်တွင် အင်္ဂလန်လက်ရွေးစင်အသင်းက ဂျာမနီလက်ရွေးစင်အသင်းအား ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော အကြီးအကျယ် အောင်မြင်မှုရရှိခဲ့သည့် အဲရစ်ဆင်၏ အင်္ဂလန်လက်ရွေးစင်အသင်းတွင် ပါဝင်ကစားခဲ့သူ လက်ရွေးစင်ကစားသမားတစ်ဦးဖြစ်သည်။ **(အင်တာနက်)**

စပိန်ဂေါက်သီးအကျော်အမော် ဘယ်လက်စတာရို့စ် ယခုသီတင်းပတ်အတွင်း ဆေးရုံမှဆင်းရဖွယ်ရှိ

လန်ဒန် နိုဝင်ဘာ ၁၆

ဂေါက်သီးအကျော်အမော်ဆီဗီဘယ်လက်စတာရို့စ်(**ယာပုံ**)သည် ယခုသီတင်းပတ်အတွင်း ဆေးရုံအထူးကြပ်မတ်ကုဌာနမှ ဆင်းရဖွယ်ရှိကြောင်း ၎င်း၏ဦးနှောက် အသားပိုအကျိတ်ကို ခွဲစိတ်ကုသမှုပြုလုပ်ခဲ့သည့် စပိန်ဆေးရုံသတင်းရပ်ကွက်က ထုတ်ဖော်ပြောကြားခဲ့သည်။

ဖော်ပြ

ဘယ်လက်စတာရို့စ်၏ အခြေအနေသည် တိုးတက်ကောင်းမွန်နေပြီဖြစ်ကြောင်း စပိန်နိုင်ငံ မက်ဒရစ်မြို့ရှိ လာပက်ဇ်ဆေးရုံက နိုဝင်ဘာ ၁၄ရက်တွင် ထုတ်ပြန်သောသတင်းတစ်ရပ်၌ ဖော်ပြသည်။

သတိလစ်

အသက် ၅၁နှစ်အရွယ်ရှိ စပိန်မှ ကမ္ဘာ့ထိပ်တန်းဂေါက်သီးအကျော်အမော် ဘယ်လက်စတာရို့စ်သည် ပြီးခဲ့သည့် အောက်တိုဘာ ၆ရက်က မက်ဒရစ်နိုင်ငံတကာလေဆိပ်၌ သတိလစ်သွားခဲ့သဖြင့် ကနဦးကတည်းက ဆေးရုံတွင် တက်ရောက်ကုသခွင့်ရခဲ့သည်။

ခွဲစိတ်ကုသ

သူ၏ ဦးနှောက်တွင် အသားပိုအကျိတ်ဖြစ်နေကြောင်း ရောဂါစစ်တမ်းရှာဖွေခဲ့ပြီး သုံးကြိမ်တိုင်တိုင်ခွဲစိတ်ကုသမှုပြုလုပ်ခဲ့ပြီးဖြစ်သည်။ **(အင်တာနက်)**

အင်္ဂလန်အသင်းနည်းပြကာပယ်လို၏ ဖွင့်ဟစကား

တင်ပြသူ - မောင်မောင်မြင့်ဆွေ **စာမျက်နှာဖွဲ့စည်းမှု - ဇင်မင်းသန့်(မြန်မာ့အလင်း)**

အင်္ဂလန်နည်းပြကာပယ်လို။

လန်ဒန် နိုဝင်ဘာ ၁၆

အင်္ဂလန်လက်ရွေးစင် ဘောလုံးအသင်းနည်းပြအဖြစ် တာဝန်ယူဆောင်ရွက်နေတဲ့ ကာပယ်လိုဟာ ပြီးခဲ့တဲ့ ဇန်နဝါရီလ ကတည်းက နည်းပြအဖြစ် တာဝန်ယူပြီးနောက် မီဒီယာသမားတွေကို ရှောင်နေခဲ့သူတစ်ဦးဖြစ်ပါတယ်။

မီဒီယာသမားတွေကို ရှောင်ရှားနေတဲ့ ကာပယ်လိုဟာ နိုဝင်ဘာ ၁၅ရက်က မီဒီယာသမားတွေနဲ့တွေ့ဆုံပြီး မီဒီယာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့တာမို့ ကာပယ်လိုရဲ့ ဖြေကြားမှုတွေကို ဖော်ပြလိုက်ပါတယ်။

အခက်အခဲမရှိ

အင်္ဂလန်အသင်းကို ကိုင်တွယ်ရမှုအပေါ် ဖြေကြားရာ **“အင်္ဂလန်အသင်းဟာ ဥရောပမှာ ထိပ်တန်းအဆင့်ရှိတဲ့ အသင်းကောင်းတစ်သင်းပါပဲ၊ ဘောလုံးသမားကောင်းတွေ အများကြီးရှိတဲ့အပြင် စည်းကမ်းလိုက်နာမှုနဲ့ ကြိုးစားအားထုတ်မှုရှိကြတဲ့အတွက် အောင်မြင်မှုတွေ ရရှိဖို့ဆိုတာ လက်တစ်ကမ်းမှာပါ၊ ကျွန်တော့်အနေနဲ့ အခုအချိန်အထိ တစ်စုံတစ်ရာ အခက်အခဲမရှိပါဘူး”**ဟု နည်းပြကာပယ်လိုက ဖြေကြားပါတယ်။

အဓိကရည်မှန်း

လောလောဆယ်မှာ အဓိကအနေနဲ့ ပြင်ဆင်မှုနဲ့ ဦးတည်ချက်အပေါ်မှာလည်း **“အသင်းမှာလိုအပ်နေတာက စုစည်းမှုနဲ့ နားလည်မှုပါပဲ၊ ဒါကို ကျွန်တော် အထူးအလေးထားပြီး လေ့ကျင့်ပေးနေပါတယ်၊ တစ်ဦးချင်း အရည်အချင်းရှိတဲ့ ဘောလုံးသမားတွေဆိုပေမယ့် လိုအပ်ချက်တွေရှိနေလို့ ဖြည့်ဆည်းလေ့ကျင့်ပေးနေပါတယ်၊ အင်္ဂလန်အသင်းရဲ့ အဓိကရည်မှန်းချက်ကတော့ တောင်အာဖရိကမှာကျင်းပမယ့် ၂၀၁၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ အောင်မြင်မှုရရှိဖို့ပါပဲ”**လို့လည်း ကာပယ်လိုက ဖြေကြားပါတယ်။

ကွာခြား

အင်္ဂလန်အသင်းကို နည်းပြအဖြစ် တာဝန်ယူတဲ့အခါ အခြားအသင်းတွေမှာ နည်းပြအဖြစ်တာဝန်ယူရမှုနဲ့ ကွာခြားချက်နဲ့ ပတ်သက်ပြီး **“စပိန်နဲ့အီတလီအသင်းတွေ ကစားပုံနဲ့ အင်္ဂလန်အသင်းကစားပုံချင်းတော့ မတူညီပါဘူး၊ အင်္ဂလန်ရဲ့ကစားဟန်က တစ်ချိန်လုံး လှုပ်ရှားပြေးလွှားပြီး စိတ်လှုပ်ရှားစရာကောင်းတဲ့ကစားဟန်နဲ့ ကစားကြတာပါ၊ အင်အားသုံး မြန်နှုန်းမြင့်ကစားအားမချဘဲ ကစားကြတဲ့ပုံစံပါပဲ၊ လိုအပ်တဲ့အချက်တွေနဲ့ ပြင်ဆင်ရမယ့် ကစားဟန်တွေကိုတော့အနီးကပ်ဖြည့်ဆည်းနေပါတယ်”**လို့ ကာပယ်လိုကဆိုပါတယ်။

ဖွဲ့စည်းထား

ကာပယ်လိုအနေနဲ့ အင်္ဂလန်အသင်းကို ၄း၄း၂၊ ၄း၁း၄း၁နဲ့ ၄း၃း၃ အခင်းအကျင်းများကိုသာအသုံးပြုနေပြီး ကစားကွက်နဲ့ ကစားသမားအပြောင်းအလဲတွေ ပြုလုပ်သွားဖို့ရှိမရှိနဲ့ပတ်သက်ပြီး **“ကစားကွက်အပြောင်းအလဲကတော့ စိတ်တိုင်းကျပြုလုပ်သွားမှာပါ၊ ပြိုင်ဘက်အသင်းရဲ့အနေအထားကိုကြည့်ပြီး ချိန်ဆအသုံးပြုရတာမို့ ပုံသေအသုံးပြုနေတယ်ဆိုတာ မဟုတ်ပါဘူး၊ ကစားသမား အပြောင်းအလဲတွေပြုလုပ်ဖို့ကတော့ လက်ရှိကျွန်တော်ရွေးချယ်ထားတဲ့ ဘောလုံးသမားတွေအားလုံးဟာ အင်္ဂလန်နိုင်ငံမှာ အကောင်းဆုံး ဘောလုံးသမားတွေပါပဲ၊ အင်္ဂလန်အသင်း လက်ရွေးစင်အဖြစ် ပါဝင်သင့် ပါဝင်ထိုက်တဲ့သူတွေအားလုံးနဲ့ ဖွဲ့စည်းထားခြင်း ဖြစ်ပါတယ်”**လို့ ကာပယ်လိုက ဖြေကြားခဲ့ပါတယ်။

အရည်အချင်းရှိ

အင်္ဂလန်အသင်းနည်းပြအဖြစ် ပထမ ၁၂လတာ ကာလအတွင်းမှာ ဆောင်ရွက်နိုင်ခဲ့မှုအပေါ်မှာလည်း ကာပယ်လိုက **“ကျွန်တော်အင်္ဂလန်အသင်းနည်းပြအဖြစ် တာဝန်ယူခဲ့တဲ့ ၁၂လအတွင်းမှာ ၂၀၁၀ ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်မြင်ဖို့ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါတယ်၊ အင်္ဂလန်အသင်းခေါင်းဆောင်တာဝန်ကို ဂျွန်တယ်ရီနဲ့ ဖာဒီနန်တို့နှစ်ဦးထဲက တစ်ဦးဦးကို ရွေးချယ်သွားမှာပါ၊ သူတို့နှစ်ဦးစလုံးဟာ အသင်းကိုဦးဆောင်နိုင်တဲ့အရည်အချင်း ပိုင်ဆိုင်ထားကြတဲ့သူတွေဖြစ်ပါတယ်။”**

အင်္ဂလန်အသင်း နည်းပြအဖြစ်ဘာဖြစ်လို့ရွေးချယ်တာဝန်ယူခဲ့တာလဲ ဆိုတဲ့မေးခွန်းနဲ့ပတ်သက်ပြီး **“ကျွန်တော်နည်းပြစလုပ်ကတည်းက အင်္ဂလန်အသင်းကို နည်းပြအဖြစ် တာဝန်ယူလိုမှုဟာ ကျွန်တော့်ရဲ့ ရည်မှန်းချက်တစ်ခုပါပဲ၊ အင်္ဂလန်ရဲ့ ဘောလုံးကစားမှုဟာ စံပြုထိုက်စရာတွေ အများကြီးရှိနေပါတယ်၊ အင်္ဂလန်နည်းပြအဖြစ် အဲရစ်ဆင်ထွက်သွားပြီးတဲ့ အချိန်ကတည်းက နည်းပြတာဝန်ယူဖို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါတယ်”**လို့ ကာပယ်လိုကဖြေကြားခဲ့ပါတယ်။

ရွေးချယ်

အင်္ဂလန်အသင်းမှာ ဝေါကော့ထ်ကို ဆက်လက်ရွေးချယ်အသုံးပြုသွားမှာလားဆိုတာနဲ့ပတ်သက်ပြီး **“အဲရစ်ဆင်က ၂၀၀၆ ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲအတွက် အင်္ဂလန်အသင်းမှာ ဝေါကော့ထ်ကို ရွေးခဲ့တာပါ၊ အခုနောက်ပိုင်းမှာ အာစင်ဝင်းဂါးရဲ့သွန်သင်မှုတွေနဲ့ ခြေစွမ်းတွေမြင့်တက်လာတဲ့ လူငယ်ကစားသမားတစ်ဦးဖြစ်ပါတယ်၊ အင်္ဂလန်အသင်းအတွက် အားထားရမယ့် လူငယ်ဘောလုံးသမားမို့ ကျွန်တော်ဆက်လက် အသုံးပြုသွားမှာပါ”**လို့ ကာပယ်လိုက ဖြေကြားသွားပါကြောင်း။ ။

ကိုးကား-အင်တာနက်

နည်းပြ ဘင်နီတက်ဇ်နှင့် ကွင်းလယ်လူ လမ်းပတ် အောက်တိုဘာလအတွက် အကောင်းဆုံးဆုရရှိ

လန်ဒန် နိုဝင်ဘာ ၁၆

လီဗာပူးနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်သည် ပရီမီယာလိဂ်၌ အောက်တိုဘာလအတွက် အကောင်းဆုံးနည်းပြဆုရရှိခဲ့ပြီး ချယ်လ်ဆီးအသင်းမှ လမ်းပတ်က အကောင်းဆုံး ကစားသမားဆု ရရှိခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

လီဗာပူးအသင်းသည် ၎င်းတို့၏ ယင်းလ ပရီမီယာလိဂ်ပွဲစဉ်လေးပွဲစလုံးတွင် အနိုင်ရရှိခဲ့သကဲ့သို့ ယခုရာသီ၌ အိမ်ကွင်း၌ ရှစ်ဂိုးသွင်းယူပြီး ခြောက်ဂိုးသာ ပေးခဲ့ရသည့် ချယ်လ်ဆီးအသင်း၏ အိမ်ကွင်း ၈၆ပွဲ ရှုံးပွဲမရှိစံချိန်ကို ချိုးဖျက်နိုင်ခဲ့သည်။

ချယ်လ်ဆီးကွင်းလယ် ကစားသမား လမ်းပတ်။

သွင်းယူနိုင်ခဲ့

လမ်းပတ်သည် ချယ်လ်ဆီးအသင်းက ဟူးလ်စီးတီးအသင်းအား သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရသောပွဲတွင် သွင်းယူခဲ့သော ထိပ်တန်းဂိုးအပါအဝင် ယင်းလ ပရီမီယာလိဂ်ပွဲစဉ် လေးပွဲတွင် နှစ်ဂိုးသွင်းယူနိုင်ခဲ့သည်။

လမ်းပတ်ရရှိသော လအလိုက်ဆုသည် သုံးနှစ်တာကာလအတွင်း ကွင်းလယ်ကစားသမားတစ်ဦးအနေဖြင့် ပထမဦးဆုံး ရရှိခဲ့သောဆုဖြစ်သည်။ (အင်တာနက်)

ပရိသတ်အားစော်ကားမိသောဒရော့ဘာ အက်ဖ်အေ၏ အရေးယူမှုကိုခံခဲ့ရ

လန်ဒန် နိုဝင်ဘာ ၁၆

ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာ(**အပေါ်ပုံ**)သည် ပရိသတ်ဆီသို့ ပိုက်ဆံအကြွေစေ့ဖြင့် ပစ်ပေါက်ခဲ့သည့် အကြမ်းဖက်သော အပြုအမူအတွက် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)၏ အရေးယူမှုကို ခံခဲ့ရပြီဖြစ်သည်။

ကြားနာမည်

ဒရော့ဘာသည် နိုဝင်ဘာ ၁၂ရက်က စတန်းဖို့ဒ်ဘရစ်ချ်၌ ကားလင်းဖလားပြိုင်ပွဲအဖြစ် ဘန်လေအသင်းနှင့် ချယ်လ်ဆီးအသင်းတို့ ယှဉ်ပြိုင်ကစားသောပွဲစဉ်တွင် ၎င်းဂိုးသွင်းယူပြီးနောက် ဘန်လေအသင်းကို အားပေးသော ပရိသတ်များထံသို့ ပိုက်ဆံအကြွေစေ့ဖြင့် ပစ်ပေါက်ခဲ့သည်။ ဒရော့ဘာသည် ၎င်း၏အပြုအမူအတွက် နိုဝင်ဘာ ၁၇ရက်ညနေပိုင်းမှစ၍ ဖြေရှင်းချက်ပေးရမည်ဖြစ်ပြီး နိုဝင်ဘာ ၁၈ရက်အထိ ယင်းဖြစ်ရပ်အား ဆက်လက်ကြားနာမည်ဖြစ်သည်။

စော်ကားရာကျ

၎င်း၏ကစားဖော် လမ်းပတ်ကလည်း ဒရော့ဘာ၏လုပ်ရပ်သည် ပရိသတ်အား စော်ကားရာကျသောလုပ်ရပ်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ယင်းအပြုအမူကို မလုပ်ဆောင်ရန် ဒရော့ဘာအား တားမြစ်ခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။ **(အင်တာနက်)**

ကားလင်းဖလားပြိုင်ပွဲတွင် ပယ်နယ်တီလွဲချော်မှု မီးခေးလ်အပေါ် စကိုလာရီ အပြစ်ဆိုမည်မဟုတ်

လန်ဒန် နိုဝင်ဘာ ၁၆

နိုင်ဂျီးရီးယားနှင့် ချယ်လ်ဆီးကစားသမား မီခေးလ်(အောက်ပုံ)**သည် နိုဝင်ဘာ ၁၂ရက်က ဘန်လေအသင်းဘက်သို့ ပယ်နယ်တီကန်သွင်းရာတွင် လွဲချော်ခဲ့မှုကြောင့် ချယ်လ်ဆီးအသင်းသည် ကားလင်းဖလားပြိုင်ပွဲမှ ထွက်ခဲ့ရသည်။**

ယုံကြည်ထား

သို့သော်လည်း ချယ်လ်ဆီးနည်းပြ စကိုလာရီသည် ၎င်းအား ဒေါသဖြင့် ဝေဖန်ပြောဆိုခြင်း မပြုခဲ့ပေ။ အမှန်တကယ်အားဖြင့် စကိုလာရီသည် အသက် ၂၁ နှစ်အရွယ်ရှိ မီခေးလ်အား ချယ်လ်ဆီးအသင်း၏ တိမ်မြုပ်နေသော မီးခဲပြာဖုံးဖြစ်နေသည့် သူရဲကောင်းအဖြစ် ယုံကြည်ထားသူဖြစ်သည်။

လည်ပတ်ခဲ့

နိုင်ဂျီးရီးယားနည်းပြ ရှာအီဘူအမိုဒူသည် ပြီးခဲ့သည့် သီတင်းပတ်အတွင်းက ချယ်လ်ဆီးနည်းပြ စကိုလာရီနှင့် မီခေးလ်တို့အား တွေ့ဆုံရန် ချယ်လ်ဆီးအသင်း၏ ကော့ဘ်ဟမ်းလေ့ကျင့်ရေးကွင်းသို့ လာရောက်လည်ပတ်ခဲ့သည်။

ပြောကြား

မီခေးလ်သည် မိမိအသင်း၏ တစ်စိတ်တစ်ပိုင်းအရေးပါသည်ကို မိမိသိကြောင်း၊ အနာဂတ်တွင် မက်ခီလီလီ အသင်းမှထွက်ခွာသွားပါက ၎င်း၏နေရာတွင် အစားထိုးရမည့်သူဖြစ်ကြောင်း၊ မက်ခီလီလီသည် အတွေ့အကြုံ ပိုမိုရင့်ကျက်သောကြောင့် မိမိအသင်းတွင် အမြဲပါဝင်ကစားနေသော ကစားသမားတစ်ဦးဖြစ်ကြောင်း၊ သို့သော်လည်း ယခုအခါ မီခေးလ်ကိုလည်း နေရာပေးရန် အချိန်ကျရောက်လာပြီဖြစ်ကြောင်း၊ မိမိအနေဖြင့် မီခေးလ်အား အမြဲတမ်း ရွေးချယ် ကစားစေတော့မည်ဖြစ်ကြောင်း ချယ်လ်ဆီးနည်းပြစကိုလာရီက ဆန်းစပို့တ်သို့ ပြောကြားခဲ့သည်။

(အင်တာနက်)

မန်ယူတိုက်စစ်မှူး ဘာဘာတော့ဗ် အသင်းဟောင်းစပါး၏ပရိသတ်နှင့် အဆင်ပြေလိုဟုဆို

လန်ဒန် နိုဝင်ဘာ ၁၆

မန်ယူတိုက်စစ်မှူး ဒီမီတာဘာဘာတော့ဗ်သည် လာမည့်လ၌ သူ၏အသင်းဟောင်း စပါးကွင်းတွင် သွားရောက်မကစားမီ စပါးပရိသတ်များနှင့် ငြိမ်းချမ်းရေးရယူကာ အဆင်ပြေစေလိုကြောင်း ဖွင့်ဟပြောကြားခဲ့သည်။

မန်ယူတိုက်စစ်မှူး ဒီမီတာဘာဘာတော့ဗ်

မလွှတ်တမ်းကြည့်ရှု

မန်ယူအသင်းသို့ အပြောင်းအရွှေ့ရာသီပိတ်ကာလ နောက်ဆုံးအချိန်တွင် အားချင်းပြောင်းရွှေ့ခဲ့ရသူ ဘာဘာတော့ဗ်က မိမိအနေဖြင့် စပါးအသင်းကို အထူးသတိရနေကြောင်း၊ စပါးအသင်းသည် မိမိအား ပရီမီယာလိဂ်လမ်းကြောင်းမှန်ကို ပြသပေးခဲ့ကြောင်း၊ မိမိအနေဖြင့် စပါးအသင်းမကောင်းကြောင်းကို မည်သည့်အခါမျှပြောကြားမည်မဟုတ်ကြောင်း၊ စပါးအသင်းကစားသည့်ပွဲတိုင်း မိမိအနေဖြင့် မလွှတ်တမ်းကြည့်ရှုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

မန်ယူအသင်းနှင့်အတူ ဒီဇင်ဘာ၁၃ရက်တွင် စပါးကွင်းသို့ သွားရောက်ကစားရမည့် ဘာဘာတော့ဗ်သည် ပရီမီယာလိဂ်ရာသီအစတွင် စပါးအသင်းအား ထိုးနှက်ခဲ့သူအဖြစ် စွပ်စွဲခံခဲ့ရပြီး စပါးနည်းပြ ဂျူအန်ဒီရာမို့စ် နုတ်ထွက်သွားခြင်းအတွက်လည်း အပြစ်တင်ခံခဲ့ရသူဖြစ်သည်။

ဖွင့်ဟ

ဂျူအန်ဒီရာမို့စ်သည် ထူးချွန်ထက်မြက်သော နည်းပြကောင်းတစ်ဦးဖြစ်သည့်အတွက် ရာသီအစတွင် စပါးအသင်း ရလဒ်ဆိုးရွားခဲ့မှုအပေါ် မိမိအနေဖြင့် အံ့အားသင့်မိကြောင်း၊ ယခုအခါ အတွေ့အကြုံရှိသော နည်းပြဟာရီရက်နက် စပါးအသင်းသို့ ရောက်ရှိလာပြီဖြစ်သဖြင့် စပါးအသင်းသည် ဇယားထိပ်သို့ပြန်ရောက်ရေး အားကြိုးမာန်တက် ကြိုးစားနေသောကြောင့် မိမိအနေဖြင့် ဝမ်းသာကျေနပ်မိကြောင်း၊ မန်ယူနှင့် ဘူလ်ဂေးရီးယားတိုက်စစ်မှူး ဘာဘာတော့ဗ်က ဖွင့်ဟပြောကြားခဲ့သည်။ **(အင်တာနက်)**

ချစ်စိုးနိုင် စုစည်းသည်

သန်လျင် ကုန်းတန်းမူလတန်းကျောင်းအတွက် ရေသန့်စက်လှူဒါန်း၊ အသိပညာပေးဟောပြော

ရန်ကုန် နိုဝင်ဘာ ၁၆

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့၏ ရေသန့်စက်လှူဒါန်းပွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၃ ရက် နံနက် ၉ နာရီက သန်လျင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ကြင်မြိုင်က အမှာစကားပြောကြားပြီး သန်လျင်မြို့ အမှုထမ်းရပ်ကွက် ကုန်းတန်းအခြေခံပညာမူလတန်းလွန်ကျောင်းအတွက် ရေသန့်စက်တစ်လုံးကို ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ညိုအား ပေးအပ်လှူဒါန်းသည်။

ပေးအပ်

ဆက်လက်၍သန်လျင်မြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်းများမှ သက်ငယ်အဖွဲ့ဝင်အဆိုပြုလွှာ ၂၅၀ ပေးအပ်ရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ကြင်မြိုင်က လက်ခံယူသည်။

ဟောပြော

ယင်းနောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ စီမံရေးရာဌာနမှူး ဒေါ်ခင်လှမြင့် (စာရေးဆရာမ-ခင်ဦး)က ရွှေတိုက်စိုးသူများ ခေါင်းစဉ်ဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လမ်းခင်းရန် ကျောက်များစုဆောင်း

ကသာ နိုဝင်ဘာ ၁၀

ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့နေပြည်သူများ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ဆောင်ရွက်လျက်ရှိရာ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွက် ဆောင်ရွက်မည့် အရှည် ၁ဖာလုံ၊ အကျယ် ၄၄ပေရှိသည့် တပ်မတော်လမ်းရှေ့ ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် လမ်းခင်းကျောက်များ စုဆောင်းထားရှိမှု အခြေအနေကို ဩဂုတ် ၃၀ ရက်က အမှုဆောင်အရာရှိ ဦးထွန်းထွန်းနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဒေါ်အေးမြင့်ခိုင်တို့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်သည်။ အဆိုပါလမ်းကတ္တရာခင်းခြင်းအတွက် ကသာမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ်သိန်း၁၃၀ကျော် အကုန်အကျခံကာ လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြို့နယ်စည်ပင်)**

အမရပူရမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော သံသေကပ်ကျော်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို အောက်တိုဘာ ၁၆ ရက်က မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်မိုးထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းညွန့်ဦးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေစီးရေလာကောင်းမွန်စေရေးအတွက် တံတားဦးလမ်းဖြတ်သံကူကွန်ကရစ်တံတားပြုလုပ်မှုကို အင်ဂျင်နီယာမှူး ဦးကျုံးလှျှန်ဗိုင်း စစ်ဆေးကြည့်ရှုရာ လက်ထောက်အင်ဂျင်နီယာ ဦးရွှေထွန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်မင်းထွန်းတို့က ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

(၇၉)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၁၆

မြန်မာနိုင်ငံ သွေးလှူရှင်များနေ့ကို ဂုဏ်ပြုလျက် စမ်းချောင်း မြို့နယ်နေ ဦးအောင်မြင်စိုး **(အပေါ်ပုံ)**သည် နိုဝင်ဘာ ၁၄ ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနတွင် (၇၉)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အထက(၂)သဃ်န်းကျွန်း မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၁၆

ယခင် ဘောက်ထော်မက်သဒစ် အလက(၂)သဃ်န်းကျွန်း [ယခုအထက(၂) သဃ်န်းကျွန်း]ကျောင်းတွင် ၁၉၆၄ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော အသက်၆၀ပြည့် အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများ စုပေါင်း၍ အဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၂၅ရက်တွင် ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ကျောင်းသား ကျောင်းသူဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ပူဇော်ကန်တော့ကြရန်နှင့် အလှူငွေများ ပါဝင်လှူဒါန်းလိုသူများသည် ဒေါ်တင်နွဲ့ [ကျောင်းအုပ်ကြီး၊ အထက(၂) သဃ်န်းကျွန်း] ဖုန်း-၅၆၅၅၆၈၊ ဒေါ်သိန်းတင် (အငြိမ်းစား ကျောင်းအုပ်ကြီး) ဖုန်း-၅၇၇၉၄၆၊ ဦးကျော်ဝင်း-ဖုန်း-၀၉-၅၀-၁၆၃၁၁၊ ဒေါ်စန်းစန်းမြင့်-ဖုန်း-၅၆၀၇၃၆၊ ဦးမျိုးမြင့်-ဖုန်း-၅၇၀၀၇၂၊ ဒေါ်မြင့်မြင့်ရီ-ဖုန်း-၅၆၂၇၄၈၊ ဒေါ်တင်တင်အေး (မငယ်)-ဖုန်း-၅၇၃၁၇၇၊ ဦးကျော်သူ-ဖုန်း-၀၉-၅၁-၈၄၇၅၆နှင့် ဦးကျော်ရဲသီဟဖေ ဖုန်း-၀၉-၅၁-၃၃၃၄၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ပညာရေး)**

ဒိုက်ဦးမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၆

ဒိုက်ဦးမြို့နယ်အသင်း (ရန်ကုန်)၏ (၂၈)ကြိမ်မြောက်နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၂၅ရက် (တနင်္ဂနွေနေ့) နံနက်၈နာရီတွင် သိမ်ကြီးဈေး မဟာသိမ်တော်ကြီးတွင် ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ ယင်းအစည်းအဝေးနှင့်အတူ သက်ကြီးပူဇော်ပွဲ၊ ဂုဏ်ပြုပွဲနှင့် ပညာရေးဆိုင်ရာ ချီးမြှင့်ပွဲတို့ကိုပါ တပေါင်းတည်း ကျင်းပမည်ဖြစ်ပါ၍ အသက်၇၅နှစ်အထက် အဘိုးအဘွားများနှင့် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်သော အသင်းဝင်များ၏ သားသမီးများ စာရင်းတို့ကို နာယကများ ဖြစ်ကြသော ဦးဘစော ဖုန်း ၀၉-၅၀-၇၁၃၈၆၊ ဦးမောင်မောင်ရွှေ ဖုန်း-၃၇၃၉၇၇၊ ဥက္ကဋ္ဌဦးတင်နု ဖုန်း- ၅၈၄၂၆၆၊ ၇၀၆၇၆၆၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးကျော်ဝင်း ဖုန်း- ၂၀၁၁၄၂၊ ဒေါ်တင်တင်အုန်း ဖုန်း- ၅၃၀၇၅၁၊ ဘဏ္ဍာရေးမှူး ဦးကျင်ဝမ်း ဖုန်း- ၂၂၀၀၂၁ နှင့် အတွင်းရေးမှူး ဦးလှမင်း ဖုန်း-၂၈၈၆၇၄တို့သို့ ဆက်သွယ်စာရင်းပေးလှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မုန့်လက်ဆောင်းကုန်း တောင်ပိုင်းရပ်ကွက် ဇေယျာသုခလမ်း အမှတ်၄၆(က)နေ ဦးဝင်းနှင့်ဇနီး ဒေါ်မြဝင်းတို့က အဆောက်အအုံတို့ကို စက်တင်ဘာ ၂၇ရက်က တိပိဋကမဓမ္မရက္ခိတအဖွဲ့သို့ နေအိမ်စာချုပ် ချုပ်ဆိုအပ်နှံလှူဒါန်းရာ အဖွဲ့ကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်း၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်မင်း၊ ဗဟိုအကျိုးတော်ဆောင် အဖွဲ့ဝင်ဒေါ်တင်တင်လှနှင့် ဒေါ်ခင်ကြည်တို့က လက်ခံယူစဉ်။ (မြန်မာ့အလင်း)

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မအူပင်တက္ကသိုလ်တွင် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်းအသုံးပြုရန်အတွက် လက်တွေ့ဓာတ်ခွဲခန်းသုံးပစ္စည်းများကို အောက်ဖော်ပြပါအတိုင်း မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

လက်တွေ့ခန်းသုံးပစ္စည်းများ	(၁၅)မျိုး
၁။ Digital Multimeter	(ရူပဗေဒဌာန)
၂။ Oscilloscope	(ရူပဗေဒဌာန)
၃။ GM. Counter(Made in Thailand)	(ရူပဗေဒဌာန)
၄။ Water test kit(HACH)	(သတ္တဗေဒဌာန)
၅။ Geological Hammer (Estwind, U.S.A)	(ဘူမိဗေဒဌာန)
၆။ Geological Compass with carrying case. (Branton, U.S.A)	(ဘူမိဗေဒဌာန)
၇။ GPS (USA-Assamble in Taiwan)	(ဘူမိဗေဒဌာန)
၈။ Measuring Tape (Japan)	(ဘူမိဗေဒဌာန)
၉။ Topcon Auto Level (Fully Water Proof) (Assamble in Taiwan)	(ပထဝီဝင်ဌာန)
၁၀။ Aluminium Tripod	(ပထဝီဝင်ဌာန)
၁၁။ Garmin GPS Map.76	(ပထဝီဝင်ဌာန)
၁၂။ GPS Map Source CD	(ပထဝီဝင်ဌာန)
၁၃။ Ushikata Surveying Compass	(ပထဝီဝင်ဌာန)
၁၄။ World Relief Map	(ပထဝီဝင်ဌာန)
၁၅။ Shanhai Auto Level (Made in China)	(ပထဝီဝင်ဌာန)

၂။ တင်ဒါပိတ်ရက်မှာ ၁-၁၂-၂၀၀၈ရက် (တနင်္လာနေ့) ၁၆း၀၀ နာရီဖြစ်ပါ၍ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို သတင်းစာတွင် ကြေညာသည့်ရက်မှစ၍ ရုံးချိန်အတွင်းလာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

ပစ္စည်းများစိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့
မအူပင်တက္ကသိုလ်၊ ဖုန်း-၀၄၅-၃၀၁၄၁၊၃၀၁၄၂၊၃၀၁၃၉။

ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ကျွန်တော် ဦးကျင်လှိုင် ၁၂/ပဘတ(နိုင်)၀၂၄၆၆၁က မမြင့်အေး ၁၂/ပဘတ(နိုင်)၀၀၀၁၃၆အား ၁၇-၇-၁၉၉၁ ရက် လွှဲစာအမှတ်-၂၁၀၁/၉၁ဖြင့် လွှဲအပ်ထားသော အထွေထွေ ကိုယ်စားလှယ်လွှဲစာကို ပြန်လည်ရုပ်သိမ်းလိုက်ပါသည်။ ဦးကျင်လှိုင်။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ် မော်လမြိုင်မြို့နေ သမီးဖြစ်သူ မသန္တာမြင့်မောင် ၁၀/မလမ(နိုင်)၁၉၂၉၅၂ သည် မိဘဆွေမျိုးများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိဘဆွေမျိုးများ စိတ်ဆင်းရဲအောင်၊ အရှက်ရအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ ရာသက်ပန် အမွေပြတ်စွန့်လွှတ်လိုက်သည်။ မိဘဆွေမျိုးများအား နှောင့်ယှက်ခြင်းပြုလုပ်ပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးလိုက်သည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးမြင့်မောင်-ဒေါ်သန်းမြင့်၊မော်လမြိုင်မြို့။

တရားမပုံစံအမှတ်-၉၄

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ရမည်းသင်းမြို့နယ်တရားရုံး
၂၀၀၈ ခုနှစ် တရားမဇာရီမှုအမှတ် -၁၁

မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် ရမည်းသင်းမြို့။	**နှင့်**	၁။ ဦးမာ ၂။ ဒေါ်လတ်လတ်
တရားနိုင်		**တရားရှုံးများ**

၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ်-၃၈ တွင်ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၈ခုနှစ် နိုဝင်ဘာ ၂၁ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

၁။ ရမည်းသင်းမြို့နယ်၊ ပျဉ်တပ်ရပ်ကွက်၊ အကွက်အမှတ်(၁၀)၊ ဦးပိုင်အမှတ်(၁၈/က)၊ မြေချိန်ဧရိယာ ၀ဒသမ ၀၈၅ ဧကရှိမြေ။
၂။ ယင်းမြေပေါ်ရှိ (၂၆ ×၁၇ ×၂၀)ပေ သွပ်မိုး၊ ပျဉ်၊ သမံတလင်းခင်း၊ နံကပ်နှစ်ထပ်လူနေအိမ်။

ကြမ်းခင်းဈေး ကျပ်သိန်း ၂၅၀။
ရောင်းချရန် စည်းကမ်းချက်များ

(၁) စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်မကန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်သောင်းရွှေ
တွဲဖက်မြို့နယ်တရားသူကြီး။

အမည်ပြောင်း

အဖ ဦးခင်ဇော်ဦး၏သား လှိုင်မြို့နယ် အလက(၄)ထခွဲ နဝမတန်း(A)မှ မောင်ဇော်ဇော်ဦးအား မောင်အောင်ကျော်စိုးဟု ပြောင်းလဲခေါ်ပါရန်။ မောင်အောင်ကျော်စိုး ၁၂/မဂတ(နိုင်) ၁၀၁၃၁၀။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ ရေယာဉ်လုပ်သက်မှတ်တမ်းစာအုပ် အမှတ် ရေ-၅၈/၉၄ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပေးပို့ပါရန်။ **ဦးသောင်းလွင် ဖုန်း-၀၁-၆၈၃၆၅၆။**



စေတုတ္တရာမြို့နယ် မြောင်းဦးကျေးရွာ ပေါင်းချောင်းကို တမံပိတ်ရေထိန်း၍ တစ်ပိုင်တစ်နိုင် ရေအားလျှပ်စစ်ထုတ်လုပ်

သတင်းမှတ်စုနှင့် ဓာတ်ပုံ - အောင်သန်း(မဂ်လာတောင်ညွန့်)
စာမျက်နှာဖွဲ့စည်းမှု - ဟန်စိုး(မြန်မာ့အလင်း)

ရန်ကုန် နိုဝင်ဘာ ၁၆

မကွေးတိုင်း မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ဖူးရွာရေလှောင်တမံစီမံကိန်းမှ သတင်းဓာတ်ပုံမှတ်တမ်းများ ရိုက်ကူးအပြီး အောက်တိုဘာ ၁၈ ရက်က ဆည်မြောင်းဦးစီးဌာန၏ ကူညီပို့ဆောင်ပေးသော မာဇဒါဂျစ်ငယ်ဖြင့်ပင် ပခုက္ကူမြို့သို့ ပြန်ခဲ့သည်။ စေတုတ္တရာမြို့နယ်အပိုင် မြောင်းဦးကျေးရွာအရောက်တွင် ကားလမ်းဘေး၌ အောက်ခံအပြာနုရောင်တွင် အဖြူရောင်စာလုံးဖြင့် ရေးထားသော ဆိုင်းဘုတ်တစ်ခုကို အမှတ်မထင်တွေ့ရှိရသည်။ မြောင်းဦးကျေးရွာ ရေအား လျှပ်စစ်ရရှိရေးလုပ်ငန်း တပ်ဆင်အင်အား သုံးကီလိုဝပ် နှစ်လုံးဟု ဖြစ်သည်။ *စာမျက်နှာ ၉ ကော်လံ ၁* ✳

တမံရေထိန်းတံခါးဖွင့်၍ အမြင့် အနိမ့်အရှိန်ဖြင့် ရေကို စီးဆင်းစေပြီး ရေအရှိန်ဖြင့် ဒလက်ကိုလည်ပတ်စေကာ သုံးကီလိုဝပ် ဒိုင်နမိုနှစ်လုံးဖြင့် ရေအားလျှပ်စစ်ထုတ်လုပ်ပေးသည်။ (မြန်မာ့အလင်း)

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်၌ စိုက်ပျိုးထားသော ရော်ဘာမျိုးသန့်စေ့ ပျိုးခင်းများကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

ရခိုင်ပြည်နယ် မေယုတောင်တန်းမှ အောင်မြင်ဖြစ်ထွန်းနေသော တိုင်းရင်းသားညီအစ်ကိုတို့၏ နှစ်ရှည်ပင် ရွှေဖြူ

➤ သတင်းခရီးသည် - သတင်းထောက်စဥ့်ကူစိုးဝင်း ➤ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)
➤ စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း(မြန်မာ့အလင်း)

စစ်တွေ နိုဝင်ဘာ ၁၆ (ဖက်စ်)

ရခိုင်ပြည်နယ် စစ်တွေမြို့ကို ရောက်ရှိနေသည့် မြန်မာ့အလင်း သတင်းအဖွဲ့အား ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက ခေါ်ယူတွေ့ဆုံရာတွင် **“မေယုတောင်တန်း ရော်ဘာလွှမ်းရမည်”** ဆိုသည့်ဆောင်ပုဒ်နှင့်အညီ စိုက်ပျိုးထားမှုများ၊ လမ်းတံတားများ၊ ဒေသ *စာမျက်နှာ ၆ ကော်လံ ၃* ●

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်၌ ရော်ဘာမျိုးသန့်ကိုင်းပွားခင်းများကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

ကမ်းတင်နှင့် နစ်မြုပ်ရေယာဉ်များဖော်ယူမှု အောင်မြင်စွာ လုပ်ကိုင်နေ ကျန်စစ်သားနှင့် မင်းလှရေယာဉ်များ ခက်ခဲစွာဖြင့် ဖော်ယူပြီးစီးတော့မည်

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - ရေကြောင်းပို့ဆောင်ရေး
စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

ရန်ကုန် နိုဝင်ဘာ ၁၆

ပြည်သူများ ခရီးသွားလာရေး၌ ကုန်းလမ်း၊ လေကြောင်းနှင့် ရေလမ်းခရီးစဉ်များကို အသုံးပြုနေလျက်ရှိရာ ပြည်တွင်းရေကြောင်းသွားလာရေးသည်လည်း အဓိကကျလျက်ရှိသည်။ ပြည်တွင်း၌ ရေလမ်းခရီးစဉ်ဖြင့်သွားလာမှု အဆင်ပြေစေရေးအတွက် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအနေဖြင့် နေ့စဉ် အချိန်နှင့်အမျှ ကြိုးစားအကောင်အထည်ဖော်လျက် ရှိနေသည်။

ဆယ်ယူ

ပြီးခဲ့သည့်မေလဆန်းကတိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းကြောင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် *စာမျက်နှာ ၁၁ ကော်လံ ၁* ■

တိုင်ကီများ အသုံးပြုပြီး နစ်မြုပ်ရေယာဉ်များကို ဆယ်ယူရာတွင် ဤသို့ ဘေးနှစ်ဖက်မှ ရေယာဉ်များဖြင့်လည်း ပံ့ပိုးဆောင်ရွက်ရသည်။ (မြန်မာ့အလင်း)